ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 November 2023 ၁၁၂၆၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၁

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်ကိုယ်စားပြုမင်းနိုင်စိုးဇာတ်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

မာရဝိဇယဗုဒ္ဓရူပ်ဟွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ တစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

စာမျက်နှာ » ၁၀

သန်းခေါင်စာရင်းကောက်တော့မည် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့လိုသည်

ဆောင်းပါး စာမျက်နှာ » ၁၄

ကြားမှု

အမျိုးသားယဉ်ကျေးမှုပေါင်းစည်းရှင်သန်ဖွံ့ဖြိုး

မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များ နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှု၏ ဂုဏ်သိက္ခာကို အလေးအနက်ပြု တန်ဖိုးထားထိန်းသိမ်းနိုင်ရန်အတွက် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကျင်းပယှဉ်ပြိုင်ခဲ့ကြပြီးနောက် ယနေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဂုဏ်ယူဖွယ်ရာ ကျင်းပနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပနိုင်ခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ပြိုင်ပွဲအမျိုးအစား အလိုက် သတ်မှတ်ထားသောနေရာများတွင် ခမ်းနားထည်ဝါစွာကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသီးသီးက စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာဖြင့် အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ အားတက်ဖွယ်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများအား ထုတ်ဖော်ပြသဆင်နွဲနေကြခြင်းသည် ပြည်ထောင်စုကြီးအတွင်း အတူယှဉ်တွဲ၍ လက်တွဲညီညီပျော်ရွှင်စွာရပ်တည်နေကြသည်ဟူသော အထိမ်းအမှတ်လက္ခဏာများပင်ဖြစ်သည်။ ထိုသို့သောဂုဏ်ဒြပ်နှင့် ခံယူချက်များကို ရည်ရွယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အစိုးရက လူအား၊ ငွေအား၊ အချိန်အားများ စိုက်ထုတ်၍ ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် အနုသုခုမပညာဆိုင်ရာ ပြိုင်ပွဲကြီးဖြစ်သည့်အပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ ဘိုးဘေးဘီဘင်များ ထားရစ်ခဲ့သည့် အမွေအနှစ်များဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်သည့်ပွဲ၊ မျိုးဆက်ဟောင်းအနုသုခုမပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုသုခုမပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ယဉ်ကျေးမှုပေါင်းစည်းသည့် ပွဲတော်ကြီးအသွင်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် ဗမာလူမျိုးများ၏ အစဉ်အလာဓလေ့ရိုးရာယဉ်ကျေးမှုအနုပညာများဟု ထင်မြင်နိုင်ဖွယ်ရှိသော်လည်း ပြိုင်ပွဲတစ်ခုလုံးကို ခြုံငုံကြည့်လျှင် တိုင်းရင်းသားလူမျိုးအားလုံး၏ ရိုးရာအစဉ်အလာယဉ်ကျေးမှုဓလေ့ အနုသုခုမပညာရပ်များကို မြင်တွေ့ရမည်ဖြစ်သည်။ အဆိုပြိုင်ပွဲများတွင်လည်းကောင်း၊ အကပြိုင်ပွဲများတွင်လည်းကောင်း၊ အရေးပြိုင်ပွဲများတွင်လည်းကောင်း၊ အတီးပြိုင်ပွဲများတွင်လည်းကောင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားအားလုံး ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရသည်။

အထူးအားဖြင့် ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်ပြိုင်ပွဲများတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရွှေဖားစည်သံရုပ်စုံသဘင်အဖွဲ့ကဲ့သို့ အခြားတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များသည်လည်းကောင်း၊ တိုင်းရင်းသားရိုးရာအက သို့မဟုတ် ကျေးလက်ရိုးရာအကပြိုင်ပွဲများတွင် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အကပဒေသာများသည်လည်းကောင်း တိုင်းရင်းသားလူမျိုးအားလုံး၏ ရိုးရာဓလေ့ကို ထုတ်ဖော်ပြသည့် အမျိုးသားယဉ်ကျေးမှုများပင်ဖြစ်သည်။ ရင်သပ်ရှုမောဖွယ်၊ တက်ကြွလန်းဆန်းဖွယ်ဖြစ်သော တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရိုးရာဓလေ့အမွေအနှစ်များသည် ဂုဏ်ယူဖွယ်ရာ မြန်မာအမျိုးသားယဉ်ကျေးမှုများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်နေရန်၊ တိုင်းပြည်ချစ်စိတ်များရှိရန် အထူးလိုအပ်ပါသည်။ တိုင်းပြည်တွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအမွေအနှစ်များ ထွန်းကားနေမှသာ မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်များ နိုးကြားရှင်သန်လာမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအစဉ်အလာများလည်း ထွန်းကားရှင်သန်နေရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် အတူတကွပေါင်းစည်းနေထိုင်သော ပြည်ထောင်စုအိမ်ကြီးဖြစ်၍ တစ်ဦး၏ဓလေ့စရိုက်ထုံးတမ်းစဉ်လာများကို တစ်ဦးက သိရှိထားရန်လိုအပ်ပါသည်။ အထူးသဖြင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို အလျှဉ်းသင့်မှ မြင်တွေ့ကြည့်ရှုခွင့်ရကြပါသည်။

ယခုမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှ တိုင်းရင်းသားလူမျိုးအားလုံး၏ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအနုသုခုမများကို မြင်တွေ့ခွင့်ရကြပါပြီ။ မြတ်နိုးတွယ်တာနှစ်လိုဖွယ်ရာကောင်းသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထားနိုင်ကြပြီ။ မြန်မာတို့၏လူမှုဘဝနယ်ပယ်တွင် တိမ်မြေပ်ပျောက်ကွယ်နေသော ဘိုးဘွားအမွေအနှစ် အနုသုခုမပညာရပ်များကို ပြန်လည်မြင်တွေ့ခွင့်ရပါပြီ။ ခမ်းနားထည်ဝါ သိုက်သိုက်ဝန်းဝန်း စုစုဝေးဝေးဖြင့် မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို တစုတဝေးတည်း မြင်တွေ့ခွင့်ရခဲ့သည်မှာ ထူးကဲလှပါသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားအောင်၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်၊ တိုင်းရင်းသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး မျိုးဆက်သစ်လူငယ်များအတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။ ။

သီတင်းကျွတ်ပွဲတော်ကာလတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ဘုရားဖူးပြည်သူ နှစ်သောင်းခန့် လာရောက်ဖူးမြော်

ကျိုက်ထို အောက်တိုဘာ ၃၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်တွင် နှစ်စဉ် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူ ၂၀၀၀ ခန့်ရှိပြီး ပြည်တွင်း ဘုရားဖူး များပြားကြောင်း သိရသည်။

ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုလို ဘုရားဖူးများ လာရောက်သည့်အတွက် ပွဲတော်ဖွင့်ပွဲကို စည်စည်ကားကား ဆောင်ရွက်နိုင်သည့်အပြင် ကျိုက်ထီးရိုးရင်ပြင်တော် ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး တည်းခိုဆောင်များ၌လည်း တည်းခိုနေထိုင်သူ များပြားလျက်ရှိကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ပင်းတယ အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပြင်သာကျေးရွာနှင့် ကိုးလုံးကျေးရွာတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ပြင်သာကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ သိန်းဖြင့် ဂါလန် ၁၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကိုးလုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပုံပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၆ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၄၆ သိန်းဖြင့် အရှည် ပေ ၁၀၀၀၊ အကျယ် ၁၄ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာနှစ်ရွာရှိ ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၃၁ - ၁၀ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၈၀၀	၈,၈၀၀	၉၆၆	၈,၅၀၀,၈၀၀
MTSH	၂,၉၀၀	၂,၉၅၀	၅,၂၅၆	၁၅,၂၄၄,၄၀၀
MCB	၈,၀၀၀	၈,၀၀၀	၂၅	၂၀၀,၀၀၀
FPB	၁,၆၅၀	၁,၆၅၀	၁,၀၀၀	၁,၆၅၀,၀၀၀
TMH	၂,၆၀၀	၂,၆၀၀	၃၅၀	၉၁၀,၀၀၀
EFR	၂,၁၀၀	၂,၁၀၀	၂၂	၄၆,၂၀၀
AMATA	၄,၉၀၀	၄,၉၀၀	၁၀	၄၉,၀၀၀
MAEX	၁,၇၅၀	၁,၇၅၀	၅၀	၈၇,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သတင်းထောက်များ	ဦးသန်းတင်အောင်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	သုတေသန	- ဒေါ်ဇင်မာဝင့်
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့်နိုင်ငံတစ်နိုင်ငံဖြစ်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးသံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တိုးတက်ကောင်းမွန်လျက်ရှိ

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေ ကောင်းမွန်လျက်ရှိသည့် အခြေ ကျောင်းကျန်းသူများက နယ်မြေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong တို့ တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ရန်ရည်ရွယ်၍ လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများ ဆောင်ရွက်လာသည့် အခြေအနေများ၊ လောက်ကိုင်ဒေသတွင် ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းလောင်းကစားများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ ဆောင်ရွက်နေမှုများအား နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ့နိုင်ငံရေးအပါအဝင် အခြားကမ္ဘာ့နိုင်ငံအရေးများ၌ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုမှ ဝင်ရောက်စွက်ဖက်၍ ၎င်းတို့နိုင်ငံ၏ အကျိုးအတွက်သာ ကြည့်ပြီး အခြားနိုင်ငံများအပေါ် Double Standard ဖြင့် ခြယ်လှယ်ဆောင်ရွက်နေသည့်အခြေအနေများ။

အမြင်ချင်းဖလှယ်

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည်မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်ကတည်းက တိုင်းရင်းသားအဖွဲ့များအချင်းချင်း အားပြိုင်မှုများဖြစ်ပေါ်ကာ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှု၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ကိုးကန့်ဒေသအတွင်း "ဖုန်" / "ရန်"အဖွဲ့တို့ အရေးအခင်းဖြစ်ပွားခဲ့မှု၊ "ပယ်"အဖွဲ့အား တာဝန်ပေးအပ်ခဲ့မှု၊ အာဏာရလိုကောင်းမွန်လျက်ရှိသည့် အခြေ မြောက်ပိုင်းဒေသတွင် MNDAA တည်ငြိမ်အေးချမ်းမှုပျက်ပြားစေ မှု၊ လက်နက်ခဲယမ်းများ ထုတ်လုပ်နေမှု၊ လက်နက်ခဲယမ်းများ ဝင်ရောက်မှုများကြောင့် ဒေသတွင်းနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်စီးစေလျက်ရှိမှု၊ နယ်စပ်ဒေသတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်သွယ်ရေးလိမ်လည်မှုများ ဖြစ်ပေါ်လျက်ရှိမှုတို့ကို ထိထိရောက်ရောက် တင်းတင်းကျပ်ကျပ် အရင်းအမြစ်မှစ၍ နှိမ်နင်းဖော်ထုတ် ဆောင်ရွက်သွားမည့်အခြေအနေများ၊ အဆိုပါဒေသအတွင်းရှိဥပဒေနှင့်ညီညွတ်မှု မရှိသည့်လုပ်ငန်းများကို စိစစ်ဖော်ထုတ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံပူးတွဲ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့ဖွဲ့စည်းနိုင်ရေး အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မူလထားရှိသည့် ရည်မှန်းချက်အတိုင်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သွေးစည်းချစ်ကြည်မှု ပိုမိုရရှိအောင် ကြိုးစားနိုင်ကြပါစေကြောင်းနှင့် ရရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြင့်မားအောင်ကြိုးပမ်း စွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

အဆင့်အတန်း မြင့်မား

အလွန်နက်နဲသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ် လူငယ်မောင်မယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလာကြစေရန်၊ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်လိုသည့် ဇာတိမာန်နှင့် မျိုးချစ်စိတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားထက်မြက်နေစေရန် စသည့် ရည်ရွယ်ချက်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်မှစတင်ပြီး ၂၀၁၆ ခုနှစ် အထိ (၂၂)ကြိမ်တိုင် ကျင်းပခဲ့ပါကြောင်း။

အောင်မြင်စွာကျင်းပခဲ့

ထို့နောက် ငါးနှစ်ကျော်ကာလ ရပ်တန့်ခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ လက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် ပြန်လည် စတင်ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်ဆိုပါက ဒုတိယမြောက်အနေဖြင့် (၂၄)ကြိမ်အဖြစ် အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလိုကောင်းမြတ်သည့် အချိန်အခါသမယတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို မဂ်လာရှိစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်း (အမျိုးသမီး) ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ တွဲဖက် အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တိုင်းဒေသကြီး နှင့် ပြည်နယ် များမှ အသက် အကြီးဆုံး ပြိုင်ပွဲဝင်ကို အထူးဆုပေးအပ် ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတ အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦး အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန် ခေတ်ဟောင်း/ ကာလပေါ်အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာရှေ ခေတ်ဟောင်း/ ကာလပေါ်အဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)(အမျိုးသား) ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)(အမျိုးသား)ပြိုင်ပွဲ တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)(အမျိုးသမီး)ပြိုင်ပွဲ တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတ အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦး အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ

၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက် အဖြစ် ပြန်လည်ကျင်းပရာ၌ ဗဟို အဆင့် ပြိုင်ပွဲဝင်အင်အားသည် ကြိုတင် မျှော်မှန်းထားသည်ထက် ပိုမိုပြီး ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါ ကြောင်း၊ အဆိုပါကာလသည် ကိုဗစ်-၁၉ ရောဂါ၏ အငွေ့အသက်များ ကျန်ရှိနေဆဲ အချိန်အခါဖြစ်သော်လည်း မူလမျှော်မှန်း ထားသည်ထက် ပိုမိုသာလွန်သည့် ပြိုင်ပွဲဝင်အင်အားများနှင့် ကျင်းပနိုင်ခဲ့ ခြင်းဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို လေ့လာထောက်ရှုခြင်းအားဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းကြောင်းကြောင့် ရပ်နား ထားခဲ့ရသော်လည်း ယခုပြိုင်ပွဲကြီးကို အလေးထားမျှော်လင့်ကြသည့် သမ္မာရင့် ဝါရင့် ပညာရှင်ကြီးများနှင့် မျိုးဆက်သစ် အနုပညာရှင် မြောက်မြားစွာရှိနေကြ သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ၂၀၂၂ ခုနှစ် တွင် (၂၃)ကြိမ်မြောက်အဖြစ် ကျင်းပ ပြီးစီးသွားခဲ့သည့် ပြိုင်ပွဲကြီးတွင် ဗဟို အဆင့်ပြိုင်ပွဲဝင်အင်အားသည် ၁၈၃၈ ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ် (၂၄)ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက် ယခင်နှစ် ကထက် ၄၆၈ ဦး ပိုမိုပါဝင်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်မိပါ ကြောင်း။

ပြိုင်ပွဲဝင်ဘာသာရပ်များ အနေဖြင့် အဆိုပြိုင်ပွဲတွင် အမျိုးအစား သုံးမျိုး၊ အကပြိုင်ပွဲတွင် အမျိုးအစား ရှစ်မျိုး၊ အရေးပြိုင်ပွဲတွင် အမျိုးအစား လေးမျိုး၊ အတီးပြိုင်ပွဲတွင် အမျိုးအစား ၁၃ မျိုး စုစုပေါင်းပြိုင်ပွဲ အမျိုးအစား ၂၈ မျိုးကို ကျင်းပပေးခဲ့ပါကြောင်း၊ အဆိုပါပြိုင်ပွဲ များတွင် ဝါသနာရှင်(ပထမတန်း) အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့် မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်ဆိုပြီး အဆင့် (၅) ဆင့် သတ်မှတ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ ခြင်းဖြစ်ပါကြောင်း။ **စာမျက်နှာ ၆ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မြှင့်မွမ်းရေးနှင့် ကမ္ဘာ့ရိုးရာယဉ်ကျေးမှု ပြပွဲ ဖွင့်လှစ်ပွဲ ကျင်းပနေစဉ်။

☆ စာမျက်နှာ ၅ မှ

ပြီးခဲ့သည့်နှစ်က ရွှေတံဆိပ် ဆွတ်ခူးရရှိသူ ၁၈၁ ဦး၊ ငွေတံဆိပ် ဆွတ်ခူးရရှိသူ ၁၄၃ ဦး၊ ကြေးတံဆိပ် ဆွတ်ခူးရရှိသူ ၁၂၁ ဦး၊ နှစ်သိမ့်ဆုရရှိသူ ၅၆ ဦးနှင့် အထူးဆုရရှိသူ နှစ်ဦး စုစုပေါင်း ၅၀၃ ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ် ပြိုင်ပွဲတွင် ဆုအရေအတွက်သည် ရွှေတံဆိပ် ၁၇၁ ဦး၊ ငွေတံဆိပ် ၁၅၆ ဦး၊ ကြေးတံဆိပ် ၁၅၆ ဦးနှင့် နှစ်သိမ့်ဆုနှင့် အထူးဆုများချီးမြှင့် ပေးမည်ဖြစ်သည့်အတွက် ယမန်နှစ်ကထက် ဆုအရေအတွက် ပိုမိုချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

ပြုစုပျိုးထောင်ပေးလျက်ရှိ

ယနေ့ အချိန်အခါတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အစိုးရအနေဖြင့် အနာဂတ် နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတစ်ဖက်မှလည်း နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊သမီးကောင်းရတနာမျိုးဆက်သစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ထပ်ဆင့်ပြောကြားလိုပါကြောင်း။

ထို့ပြင် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့် အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ကိုယ်စီရရှိခဲ့ကြသည့် အောင်မြင်မှုများ၊ အပြန်အလှန် ချစ်ကြည်ခိုင်မြဲသည့် မေတ္တာ တရားများကိုအခြေခံပြီး မိမိတို့၏ နေရပ်ဒေသများကို ပြန်လည် ရောက်ရှိကြသည့်အခါ မိမိတို့ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို ကျရာအခန်းကဏ္ဍများမှနေပြီး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးနိုင်ကြပါစေကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် သာယာလှပသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ အကအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့က ရှမ်းရိုးရာ အကဖြင့် စုပေါင်းကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်း (အမျိုးသမီး)ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီးနှင့် ကောင်စီဝင်တို့၏ ဇနီးတို့က မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း၊ ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မခင်ရတနာမိုးမြင့်က "ရွာသာယာ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်းဆုရရှိသူများအားလည်းကောင်း၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ကဗျာလွတ်ပြိုင်ပွဲ၊ ရှမ်းတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်းဆုရရှိကြသူများအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ကရင်ပြည်နယ် ကိုယ်စားပြု မမေစန်းက ကပြဖျော်ဖြေသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများက အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အရေးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မဟန်စုစုစံက "ဝါကျွတ်ခါမီ တူရာသီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

စာမျက်နှာ ၇ သို့ ☆

☆ နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာမျိုးဆက်သစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိ

☆ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ နှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၃၁

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကို တက်ရောက်လာကြသူအားလုံးက ကျရာတာဝန်ကို စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အတွက် ပြိုင်ပွဲကြီး အောင်မြင်စွာပြီးဆုံးခြင်းနှင့်အတူ ယခုဂုဏ်ပြုညစာစားပွဲကို ကျင်းပဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပါကြောင်း။

ပေါများကြွယ်ဝ

မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝလှပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်အရ ဒီမြေ၊ ဒီရေပေါ်တွင် လူသားမျိုးနွယ်စတင်ခဲ့ခြင်းနှင့်အတူ ရေမြေဒေသ သဘာဝကို လိုက်ပြီး မတူခြားနားသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရုပ်ကြွင်း အထောက်အထားများ၊ လက်မှုအဆင်တန်ဆာများ၊ အဝတ်အထည်များ၊ အနုသုခုမဆိုင်ရာ အဆိုအကများ၊ တီးခတ်မှုနှင့် သက်ဆိုင်သည့် တူရိယာပစ္စည်းမျိုးစုံသည် ဆင့်ကဲဖြစ်စဉ်များနှင့် အတူ ဖြစ်ထွန်းတည်ရှိနေခဲ့ပြီး ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လည်း ပိုင်ဆိုင်ထားကြပြီးဖြစ်ပါကြောင်း။ **စာမျက်နှာ ၈ သို့ ○**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၆ မှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများက ဒိုးပတ်အတီးပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ နဲ့ပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ခုံမင်းအတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မရှင်းသဒ္ဒါထက်အောင်က တီးခတ်ဖျော်ဖြေသည်။

ထို့နောက် ကောင်စီတွဲဖက် အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက်အကြီးဆုံး၊ အသက်အငယ်ဆုံးနှင့် မသန်စွမ်းပြိုင်ပွဲဝင် ရှစ်ဦးကို အထူးဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်ပြောအဖွဲ့ထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟော်သဓာဇာတ်တော်ကြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့နှင့် ဇာတ်သရုပ်ဆောင် ထူးချွန်ဆု ရရှိသည့် မဟော်သဓာမင်းသားဆု၊ အမရာမင်းသမီးဆု၊ ကေဝဋ်ပုဏ္ဏားဆု၊ နှစ်ပါးသွားဆု၊ ဇာတ်ညွှန်းဆု၊ ပုံပိုးဆိုင်းဆုနှင့် ဒါရိုက်တာဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားတက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄၃ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၈၁ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၆ ဆု၊ ကရင်ပြည်နယ်မှ ၃၁ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၂ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ဆု ၄၀၊ မွန်ပြည်နယ်မှ ၃၂ ဆု၊ ရခိုင်ပြည်နယ်မှ ၁၇ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၉ ဆု၊ ကချင်ပြည်နယ်မှ ၁၉ ဆု၊ ကယားပြည်နယ်မှ ၁၆ ဆု၊ ရှမ်းပြည်နယ်မှ ၁၅ ဆု၊ ချင်းပြည်နယ်မှ ၁၄ ဆုနှင့် မကွေးတိုင်းဒေသကြီးမှ ၁၆ ဆုရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

❍ စာမျက်နှာ ၇ မှ

သုခုမအနုပညာတွင် တူရိယာ ပစ္စည်းများ မည်သို့ပင်ကွဲပြား ခြားနားသော်လည်း **"ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"** ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါးအခြေခံ မှာပင် တစုတစည်းတည်း ပါဝင်လျက်ရှိကြပါကြောင်း။

အကနှင့်ပတ်သက်ပြီး ကချင်မနောအက၊ ကယားတံခွန်တိုင်အက၊ ကရင်ဒုံးယိမ်းအက၊ ချင်းဝါးညှပ်အက၊ ဗမာအိုးစည်ဒိုးပတ်အက၊ မွန်ဟသ်မောင်နံအက၊ ရခိုင် သျှင်ဒိုင်အက၊ ရှမ်းကိန္နရီ ကိန္နရာအက အစရှိသဖြင့် ကွဲပြားခြားနားသယောင်ရှိကြသော်လည်း **"စည်းနှင့် ဝါး"**ကို အခြေခံသည့် **"ခေါင်း၊ ခါး၊ ခြေ၊ လက်"** အစရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို လှုပ်ရှားကပြခြင်းဆိုသည့် မြန်မာနိုင်ငံသားအားလုံးတို့၏ အက အခြေခံအတွင်းမှာပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ဆိုသည်မှာ မြန်မာတစ်မျိုးသားလုံး ပိုင်ဆိုင်သည့် အဖိုးတန်ရတနာ ဘိုးဘွားအမွေအနှစ်၊ ဘိုးဘွားအမွေအစစ်များပင် ဖြစ်ပါကြောင်း။

ပေါင်းကူးတံတားသဖွယ်

အဆိုပါ အဖိုးတန်ရတနာများကို သမိုင်းကြောင်းရှည်လျားစွာ တည်ရှိခဲ့သည့် အမျိုးသားရေးသွင်ပြင်လက္ခဏာအဖြစ် နိုင်ငံသားတိုင်းက ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်ကြပါကြောင်း၊ ထိုနည်းတူစွာ တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရာတွင်လည်း ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ အသံသွင်း စသည်တို့သည် မကြိုက်မချင်း ပြန်လည်ဆောင်ရွက်၍ ရသော်လည်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲသည် အရုပ်၊ အသံ လှုပ်ရှားမှုကို တိုက်ရိုက်ပြသ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လုံးဝအမှားမခံပါကြောင်း၊ မှားယွင်းသည်နှင့် ဆုတံဆိပ်ရရှိရန် အခက်အခဲရှိသွားနိုင်သဖြင့် ပိုမိုလေးနက်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင် အားလုံးကို အနုသုခုမပညာ မြင့်မားရေး အားကြိုးမာန်တက် ယှဉ်ပြိုင်မှုများအတွက် အထူးပင် အသိအမှတ်ပြုပါကြောင်း။

ယနေ့ အချိန်ကာလတွင် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အနောက်နိုင်ငံများ အပါအဝင် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မိမိတို့နိုင်ငံယမ်းများ အပေါ် ထိုးဖောက်ဝင်ရောက်လာနေပါကြောင်း၊ မိမိတို့ နိုင်ငံသူနိုင်ငံသားများ၊ လူငယ်များအနေဖြင့် အဆိုပါ တိုင်းတစ်ပါးယဉ်ကျေးမှုများအပေါ်တွင် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် လျော့ပါးလာစေနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါ အန္တရာယ်ဖြစ်မလာစေရန် တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း အလေးအနက်ထား မှာကြားလိုပါကြောင်း။

သမ္ဘာရင့်၊ ဝါရင့်ပညာရှင်ကြီးများအပြင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး၊ မိမိယဉ်ကျေးမှု မိမိဓလေ့ထုံးစံမှသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ နိုင်ငံသားများအပေါ် ချစ်ခင်မြတ်နိုးစိတ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြရေးအတွက် ဆက်လက်ပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု အလေးအနက်ထား ပန်ကြားလိုကြောင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်း အဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးအောင်ကိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင် အင်အား ၂၃၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့မှ ဘွဲ့ရမောင်မယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့များ ရရှိလာကြပြီး မိမိတို့ဝန်ကြီးဌာန အောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းတာဝန်များ၊ သက်ဆိုင်ရာ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များကို သိရှိနိုင်ရေးအတွက် လုပ်ငန်းခွင်ဝင်သင်တန်းကို ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာဦးစီးဌာနအလိုက် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) မှ အောက်တိုဘာလအတွင်း ကျောင်းဆင်းသည့် ကျောင်းသား ၃၈ ဦး၊ ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၅၃ ဦးတို့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို အဓိကရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် သက်ဆိုင်ရာဌာနများသို့ ရောက်ရှိတာဝန်ထမ်းဆောင်ကြသည့်အခါ မိမိတို့ဌာန၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စေတနာထားကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းဆင်းဘွဲ့ရမောင်မယ် ၅၃ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ကာ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr.OUYANG Daobing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr.OUYANG Daobing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံမှ အောင်ဆန်းအားကစားကွင်း အသစ်ပြန်လည်တည်ဆောက်ရေးအတွက် လာရောက်လေ့လာသည့် အင်ဂျင်နီယာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့တွင် သင်တန်းတက်ရောက်ခွင့်ရရှိသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကျောင်းမှချမှတ်ထားသည့်သင်တန်းစည်းကမ်းများကို ခံယူကျင့်သုံးလိုက်နာရန်လိုအပ်ပြီး စာပေကို ဇွဲလုံ့လဝီရိယဖြင့် ကြိုးစားသင်ယူရန်လိုကြောင်းနှင့် ဘက်စုံထူးချွန်သူများ ဖြစ်အောင်၊ ဗဟုသုတနှင့်ပြည့်စုံသူများဖြစ်အောင် အမြဲမပြတ်ကြိုးစားလေ့လာသင်ယူရန် လိုပါကြောင်း၊ သင်တန်းပြီးမြောက် အောင်မြင်ပြီး မိမိတာဝန်ကျရာ ဒေသများတွင် တာဝန်ထမ်းဆောင်ရာတွင် အတုယူစရာစံပြအဖြစ် ကိုယ်ကျင့်တရားကောင်းမွန်စေရေးနှင့် အကျင့်စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရန် အစဉ်အမြဲကြိုးစား လေ့လာအားထုတ်ကြိုးပမ်းစေလိုကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့ အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ အားမာန်အပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီ သင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ ရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်းနှုန်းဖြင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)ဝင်ခွင့်ရ ကျောင်းသူငါးဦးကို လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကိုလည်းကောင်း ထောက်ပံ့ငွေပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှု၊ မိုးစပါးရိတ်သိမ်းမှု၊ ဆောင်းသီးနှံနှင့် နွေစပါးလျာထားမှု၊ ပင်လောင်းလမ်းဘေးတစ်လျှောက် ပြောင်းနှင့် နေကြာ စိုက်ပျိုးမည့်အစီအမံများ၊ နေပြည်တော်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည့်အခြေအနေများ၊ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေတစ်သန်း ပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဥာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူး လာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် သြဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူ အများအပြား နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူ ပြည်သူတစ်သန်းကျော် အနက်မှ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ဦးကျော်ဝဏ္ဏာ သည် ဦးရေတစ်သန်း ပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

လှည့်လည်ဖူးမြော်ကြည်ညို

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေတစ်သန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋီတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာ များနှင့် ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏအား ဥာဏ်တော်ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ ဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋ္ဌကတ် ပါဠိတော် ၅၃ ကျမ်း အုပ် ၄၀ တစ်စုံတို့ကို အမှတ်တရမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုပေးအပ်ပြီး(ဝဲပုံ) အဆိုပါ ပိဋ္ဌကတ်ပါဠိတော်ကျမ်းကို ဦးကျော်ဝဏ္ဏနှင့်ဇနီး ဒေါ်နွယ်နီဝင်း မိသားစုအမည်ဖြင့် ကမ္ဘည်းရေးထိုးထားကာ လျှုဒါန်းလိုသော ဘုန်းတော်ကြီး ကျောင်းသို့ ကိုယ်တိုင်လျှုဒါန်းနိုင်ရန် တစ်ပါတည်း စီစဉ်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

သမဝါယမ အသင်းသားတောင်သူများ၏ မိုးစပါးရိတ်သိမ်းထွက်ရှိမှု ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကန်ထရိုက်လယ်ယာစနစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အသင်း ၂၁ သင်း၊ အသင်းသား ၂၁၁ ဦးမှ မိုးစပါး ၁၇၃၂ ဧက စိုက်ပျိုးခဲ့ရာ ရန်လုံးနိုင်ကျေးရွာ အားမာန်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် ကွမ်းခြံကုန်းကျေးရွာ ရွှေဝါလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းတို့၏ စိုက်ဧက ၁၀၀ အား စတင်ရိတ်သိမ်းလျက်ရှိရာ တစ်ဧကလျှင် ၇၄ တင်းနှုန်းထွက်ရှိသည်။

ထွက်ရှိသောစပါးများအနက် အသင်းသားတောင်သူများက ၎င်းတို့ထုတ်ယူထားသည့် သွင်းအားစုတန်ဖိုးနှင့် ညီမျှသော စပါးတင်း ၁၂၂၇ တင်းကို အောင်နိုင်သစ္စာ ကုမ္ဗဏီသို့ ပေးအပ်မှုအခြေအနေများအား မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိဦးအုန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား ၈၅ ရက်တာအတွင်း ဘုရားဖူးပြည်သူ တစ်သန်းကျော်လာရောက်ဖူးမြော်၊ ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏမိသားစုများ၏ ဝမ်းသာပီတိစကားသံများ

ဖိုးနိုင်(မြဝတီ)

ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သြဂုတ်လ ၈ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်ထိ ရက်ပေါင်း ၈၅ ရက်တာကာလအတွင်း ဘုရားဖူးပြည်သူ တစ်သန်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြပြီး အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ဘုရားဖူးပြည်သူတစ်သန်းကျော်အနက်မှ တစ်သန်းမြောက် ဘုရားဖူးပြည်သူအား ဘုရားဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူနှင့် ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏနှင့်အတူ မိသားစုများ၏ ဝမ်းသာပီတိစကားသံများကို ဖော်ပြပေးလိုက်ပါသည်။

ဦးကျော်ဝဏ္ဏ

ဦးသန့်ဆွေ

ဒေါ်နွယ်နီဝင်း

ဦးသန်းထက်အောင်

ဒေါ်တင်မိုးခိုင်

ဦးကျော်ဝဏ္ဏ(ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ)

သီတင်းကျွတ် ရုံးပိတ်ရက်မှာ နေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကို အလည်လာရင်းနဲ့ ယနေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကနေ မိသားစုနဲ့အတူ အခုလိုလာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဒီဘုရားကြီးကို ရောက်တော့ ဝင်ခွင့်ကတ်ထုတ်တဲ့ နေရာမှာ တိုက်ပုံအင်္ဂျီနဲ့ ဦးလေးတစ်ယောက်က ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ပါတယ်။ ဒီဘုရားကြီးရဲ့ ဂေါပကလို့ ပြောပါတယ်။ ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဘုရားဖူးပြည်သူများအနက် ဒီနေ့ကျွန်တော် ရောက်ရှိကြောင်း စာရင်းသွင်းကတ်ပြားထုတ်တဲ့ အချိန်မှာ ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူတစ်ဦး ဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုကံထူးသူအဖြစ် စာရင်းဝင်သွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလို ဦးရေတစ်သန်းမြောက် ကံထူးရှင်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ မိသားစုကို အခမ်းအနားနဲ့ဂုဏ်ပြုပြီး ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ပြောပြပါတယ်။ ဘုရားဖူးပြည်သူများ တစ်နေ့တစ်နေ့ ပိုမိုများပြားလာတဲ့ အကြောင်းတွေကို ပြောပါတယ်။ ဒါ့အပြင် ဥဏ္ဏတော် ကိုးလက်မ အမြင့်ရှိတဲ့ စကျင်ကျောက်ဖြင့် ထုဆစ်ထားတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်သာသနိက အဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်းရှင်းလင်းချက် CD တစ်ချပ်၊ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ/ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ဝိဋ္ဌကတ် ပါဠိတော် ၅၃ ကျမ်း၊ အုပ် ၄၀ တစ်စုံတို့ကို ဂုဏ်ပြုပေးအပ်ပါတယ်။ အဲဒီအတွက်ကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။

ဦးသန့်ဆွေ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်တဲ့ နေပြည်တော် ဗဟိုချက်မ ဆိုတဲ့နေရာမှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ သာသနိကအဆောက်အအုံများကို နိုင်ငံတော်အကြီးအကဲလည်းဖြစ်၊ ဦးဆောင်ဘုရားဒါယကာလည်း ဖြစ်တဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးပြီးတော့ စနစ်တကျ စီမံအကွက်ချ တည်ဆောက်ပြီးစီးတဲ့နောက်မှာ သာသနာသက္ကရာဇ် ၂၅၆၇ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့က ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပြည်ပမှ အထူးဖိတ်ကြားထားတဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် ဘုရားကြီးကို လှူဒါန်းကြတဲ့ အလှူရှင်များ ပါဝင်ပြီး စည်ကားသိုက်မြိုက်စွာနဲ့ ကျင်းပ အောင်မြင်ပြီးစီးခဲ့ပါတယ်။ အဲဒီနောက်မှာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်ဖို့အတွက် ၂၀၂၃ ခုနှစ် သြဂုတ်လ ၈ ရက်နေ့ကစပြီး စက်တင်ဘာလ ၃၁ ရက်နေ့အထိ အခမ့်ဝင်ရောက်ဖူးမြော်ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီကာလတစ်လျှောက် ၁၉-၈-၂၀၂၃ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲက ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်တဲ့နေ့မှာပဲ လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး အများဆုံး ဝင်ရောက်ဖူးမြော်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒုတိယကတော့ သြဂုတ်လ ၁၆ ရက်နေ့ကတော့ ၆၆၀၀၀ ကျော်ပေါ့။ အခမ့်ဝင်ရောက်ဖူးမြော်ခွင့်ပြုတဲ့ကာလအတွင်း စက်တင်ဘာလ ၃ ရက်နေ့အထိ ဘုရားဖူး ဦးရေက ၆၁၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီနောက်မှာ စက်တင်ဘာလ ၄ ရက်နေ့ကစပြီး နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့ ဘုရားဖူးပြည်သူတွေကို လွတ်လွတ်လပ်လပ် အခမ့်ဖူးမြော်ခွင့်ပေးပြီးတော့ ကင်မရာပါတဲ့ တယ်လီဖုန်းကို သတ်မှတ်နှုန်းထား ငွေကျပ် ၁၀၀၀ နှုန်းနဲ့ ဘုရားကြီး စီမံထိန်းသိမ်းဖို့ အလှူတော်ငွေအဖြစ် ကောက်ခံခဲ့ရာ လှူဒါန်းပူဇော်လိုတဲ့ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ခဲ့ခြင်းဖြစ်ပါတယ်။ စက်တင်ဘာလ ၄ ရက်နေ့ကစပြီး ရပ်နီးရပ်ဝေး အနယ်နယ် အရပ်ရပ်က ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုး စည်ကားပြီး လာရောက်ဖူးမြော်လျက်ရှိရာ သီတင်းကျွတ်ရုံးပိတ်ရက်ကာလ အဖိတ်နေ့မှာ ဘုရားဖူးဦးရေ ၁၆၇၀၀ ကျော် လာရောက် ဖူးမြော်ခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာတော့ မာရဝိဇယဘုရားကြီးရဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တခြားတန်ခိုးကြီးဘုရားများ နည်းတူ ဆီမီးများပူဇော်ခြင်း၊ မီးပုံးပျံ လွှတ်တင်ခြင်း၊ ဝတ်ရွတ်အသင်းများနဲ့ ရွတ်ဆိုခြင်းများကိုလည်း သုံးရက်တာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားဖူးပြည်သူတွေဟာ လပြည့်ညမှာ အထူးစည်ကားလာပါတယ်။ ဘုရားဖူးဦးရေ ၇၆၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ပါတယ်။ သြဂုတ်လ ၈ ရက်နေ့ကနေ သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားဖူးလူဦးရေ ၉၇၅၀၀၀ ကျော် ရှိခဲ့ပါတယ်။ လပြည့်ကျော် ၁ ရက်နေ့မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးမှ ဘုရားဖူးပြည်သူဦးရေ တစ်သန်းပြည့်မြောက်တဲ့ဘုရားဖူး ပြည်သူကို ဓမ္မလက်ဆောင်တွေ ပေးအပ်ဖို့အတွက် သေချာ ရေတွက်ထားဖို့ လမ်းညွှန်ချက် လက်ခံရရှိပြီးနောက် လပြည့် ကျော် ၁ ရက်နေ့ကစပြီး ဘုရားဖူး ပြည်သူဦးရေကို ကျွန်တော်တို့ သေချာ ရေတွက်ခဲ့ပါတယ်။ လပြည့်နေ့ညမှာ ဦးရေတစ်သန်း ပြည့်မီဖို့အတွက် ၂၀၄၂ ဦး ကျန်ရှိတဲ့အတွက် ယနေ့နံနက် ၆ နာရီကစပြီး ဘုရားဖူးဝင်ရောက်တဲ့ဦးရေကို စိစစ်ဆောင်ရွက်တဲ့ အခါ နံနက် ၁၀ နာရီမှာ ၂၀၂၇ ဦးဆိုတော့ ၁၅ ဦးအလို ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ခန့်မှန်းချိန် ၁၀ နာရီ ၃ မိနစ်မှာ ၁၅ ဦး စိစစ်ပြီး ဝင်ရောက်မှုကို ဆောင်ရွက်လိုက်တဲ့အခါ အခု ဓမ္မလက်ဆောင် ဂုဏ်ပြုပေးအပ်ခြင်း ခံရတဲ့ ဦးကျော် ဝဏ္ဏက ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်ခဲ့ပါတယ်။ ဦးကျော်ဝဏ္ဏအား ဂုဏ်ပြုဓမ္မဒါနလက်ဆောင်များကို နိုင်ငံတော်အကြီးအကဲရဲ့ကိုယ်စား ဘုရားကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ခြင်းဖြစ်ပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့တကွ သာသနာ့အဆောက်အအုံများ၊ ဗုဒ္ဓဥယျာဉ်တော်ကလည်း စတင်တည်ဆောက်ကတည်းက နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့ အသုံးပြုခြင်းမရှိဘဲ အများပြည်သူ ခုနစ်ရက်သားသမီးများရဲ့ စုပေါင်းအလှူနဲ့ တည်ဆောက်ထားတာ ဖြစ်ပြီး ယခုလို ပြည်သူအားလုံး ဖူးမြော်ပြီး ကြည်ညိုသဒ္ဓါပွားများ ကြရတာ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ရဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက် လေးရပ်နဲ့ အညီ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပ တည်တံ့ခိုင်မြဲနေစေဖို့ အတွက် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများရဲ့ အလှူဒါနများနဲ့ ဆက်လက်ပြီးတော့ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စီမံထိန်းသိမ်းမွမ်းမံဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် ဘုရားဖူးပြည်သူများအနေနဲ့လည်း စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ကြဖို့၊ ကြည်ညိုသဒ္ဓါပွားများစေကြဖို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်ခင်ဗျာ။

ဒေါ်နွယ်နီဝင်း

ကျွန်မကတော့ ကိုကျော်ဝဏ္ဏရဲ့ ဇနီး ဒေါ်နွယ်နီဝင်းဖြစ်ပါတယ်။ ကျွန်မတို့မိသားစု ရန်ကုန်ကဖြစ်ပါတယ်။ ဒီသီတင်းကျွတ် ရုံးပိတ်ရက်မှာ နေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကို အလည်လာရောက်ရင်းနဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးက အလွန်သပ္တာယ်ပါတယ်။ ဘုရားရင်ပြင်တော်ပေါ် တက်လိုက်တာနဲ့ အလွန်အေးချမ်းတယ်။ ဒီနေ့ကျွန်မအမျိုးသားက ဘုရားဖူးပြည်သူ ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်ခွင့်ရခဲ့တယ်။ အလွန် ဂုဏ်ယူပါတယ်။ ဂေါပကရုံး တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလည်းအထူးပဲကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသန်းထက်အောင်

ကျွန်တော်ဘုရားဖူးလာရောက်ဖြစ်တာဆိုရင် ငါးကြိမ်မြောက်ရှိပါပြီ။ ဖူးလို့ကိုမဝပါဘူး။ စိတ်ထဲလည်း ကြည်နူးပီတိဖြစ်ရပါတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ဝန်ထမ်းတွေကို နေပြည်တော်မှာရှိတဲ့ ဘုရားတွေ လိုက်ပို့တိုင်း ဒီမာရဝိဇယဘုရားကြီးကို လိုက်ပို့ဖြစ်တယ်။ အခြားအထင်ကရ ဘုရားတွေလည်း လိုက်ပို့ဖြစ်တယ်။ ကျွန်တော့်ဆီကို လာတဲ့သူတိုင်းကို ဘုရားမဖူးဘဲ ပြန်မလွှတ်တဲ့ သဘောမျိုး ဖြစ်အောင်ကို ပို့ဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးမိတ်ဆွေတွေကိုလည်း ကုသိုလ်လာယူပြီး ဒီလိုဖူးမြော်ချင်တယ်ဆိုရင်တော့ နေပြည်တော်ကို လာရောက် လည်ပတ်ရင်းနဲ့ နေပြည်တော်မှာ အထင်ကရ ဘုရားပုထိုးစေတီတွေ အများကြီး ရှိပါတယ်။ လာရောက်ဖူးမြော်ဖို့ ဖိတ်ခေါ်ပါတယ်။ နေပြည်တော်မှာ တန်ခိုးကြီးဘုရားတွေ အများကြီး ရှိတဲ့အထဲမှာ ထူးခြားမှုအနေနဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံး ဘုရားကြီးဖြစ်ပါတယ်။ မြန်မာမှုလက်ရာတွေလည်း အများကြီးရှိပါတယ်။ ဘုရားဖူးပြည်သူတွေ အနေနဲ့ ကြည်ညိုသဒ္ဓါပွားဖို့ ကောင်းပါတယ်။ လာရောက်ဖူးမြော်သူတွေအနေနဲ့လည်း ဘုရားကြီးရဲ့ ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရခြင်းဖြင့် ရင်ထဲမှာ အေးချမ်းမှု၊ ပီတိဖြစ်မှုနဲ့ သဒ္ဓါပွားမှုတွေ အများကြီးဖြစ်ပေါ်ပါတယ်။

ဒေါ်တင်မိုးခိုင်

ရန်ကုန်က မောင်လေးတို့ မိသားစု နေပြည်တော်ကို လာတော့ မာရဝိဇယဘုရားကြီးကို လိုက်ပို့တာပါ။ မနေ့ကတည်းက လာဖို့ကို မလာဖြစ်ခဲ့တာပါ။ ဒီနေ့မှ မနက်စောကြီး ထပြီးတော့ လာခဲ့ကြတာပါ။ မာရဝိဇယဘုရားကြီး မပြီးခင်ကတည်းက ဖူးချင်နေတာ။ ပထမဦးဆုံး ဖွင့်တဲ့နေ့ကလည်း လာရောက်ဖူးမြော်ခဲ့ပါတယ်။ ဒီနေ့လည်း နိဗ္ဗာန်ထောက်ပံ့နိုင်ဖို့ ကိုယ့်ရဲ့ မောင်လေးကို ထောက်ပံ့ပေးတာ။ ယခုလိုမျိုး ဘုရားဖူးပြည်သူဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်ကြည်နူးမိပါတယ်။

မနက်ကတည်းက အစောကြီး ထပြီးတော့ မာရဝိဇယဘုရားကြီးကို ဖူးမြော်စေချင်လို့ လာရောက် ပို့ပေးဖြစ်တာပါ။ မထင်မှတ်ဘဲ အခုလိုမျိုးဖြစ်သွားတဲ့ အတွက် အိပ်မက်လားလို့တောင် ထင်မိပါတယ်။ မာရဝိဇယဘုရားကြီးမှာရှိတဲ့ ဂေါပကအဖွဲ့ဝင်တွေ ကလည်း ဖော်ရွေကြပါတယ်။ ဧည့်ဝတ်လည်း ကျေပါတယ်။ ဘုရားတွေကိုစုံအောင်လိုက်ပြပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ဒီပြိုင်ပွဲကြီးကျင်းပပေးခြင်းဖြင့် ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ မြန်မာ့ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးတဲ့ပွဲတစ်ပွဲလို့ ကျွန်တော်ယုံကြည်မိပါတယ်။ ဒီလိုပွဲတွေရှိတာ ကျွန်တော်တို့မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူဝမ်းသာစရာပဲ ဖြစ်ပါတယ်

မောင်နိုင်ဝင်းကိုကို
တွေ့ဆုံမေးမြန်း - အလင်းသစ်
ဓာတ်ပုံ - ကိုကိုနေ

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တို့ကို ထုတ်ဖော်ထိန်းသိမ်းလက်ဆင့်ကမ်းလျက် အမျိုးဂုဏ်ဇာတိဂုဏ်ကို စောင့်ရှောက်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပခဲ့ရာ ယနေ့တွင် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည်လည်း အောင်မြင်စွာပြီးဆုံးခဲ့ပြီ ဖြစ်သည်။ အနုသုခုမပညာရပ်နယ်ပယ်အသီးသီးတွင် ထူးချွန်ပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်လူငယ်မောင်မယ်များလည်း ပေါ်ထွန်းလာလျက် အောင်ပွဲရလဒ်များရယူပိုင်ဆိုင်နိုင်ခဲ့ကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်များ၏ ပီတိနှင့်ယှဉ်သော အနာဂတ်မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်းထိန်းသိမ်းသွားမည့် အားမာန်ပြည့်ဝသော စကားသံများကို ပြန်လည်ဖော်ပြလိုက်ပါသည်။

မအေးသဇင်လှိုင်

မောင်နိုင်ဝင်းကိုကို

မအိမွန်ဇင်

မောင်စိုးပြည့်ဟိန်း

မနန့်ဖြူစင်မြင့်မြတ်


မရတနာလင်း

မအေးသဇင်လှိုင်
အခြေခံပညာအဆင့်
မဟာဂီတပြိုင်ပွဲ ရွေတံဆိပ်ဆုရှင်
ရန်ကုန်တိုင်းဒေသကြီး

အခု မဟာဂီတပြိုင်ပွဲမှာ ဆုတံဆိပ် ဆွတ်ခူးနိုင်ဖို့အတွက် သီချင်းတွေလည်း အများကြီး ကျက်ခဲ့ရတယ်။ အခုလို ရွေတံဆိပ်ဆုရရှိလိုက်တော့ ဝမ်းလည်း ဝမ်းသာတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဆက်လက်ပြီး ပိုမိုထိန်းသိမ်းဖို့လည်း တာဝန်ရှိလာတယ်လို့ ယူဆပါတယ်။ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းတွေ ဆက်လုပ်နိုင်ဖို့ ကျောင်းပြီးအောင် တက်ရဦးမှာပါ။ အဓိကကတော့ ယဉ်ကျေးမှုတက္ကသိုလ်တက်ဖို့ စဉ်းစားထားတာဖြစ်ပါတယ်။

မောင်နိုင်ဝင်းကိုကို
ဝါသနာရှင်(ဒုတိယတန်း)
ခေတ်ဟောင်းကာလပေါ်
မန္တလေးတိုင်းဒေသကြီး

အမျိုးဂုဏ်ဇာတိဂုဏ်မှာ ပထမဆုံး ရွေတံဆိပ်ဆုဆွတ်ခူးခဲ့ပြီး ခေတ်ဟောင်း ကာလပေါ်မှာတော့ တတိယဆုရရှိခဲ့ပါတယ်။ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အများကြီး ကြိုးစားအားထုတ် ပြင်ဆင်ခဲ့ရပါတယ်။ တစ်လခွဲ နှစ်လနီးပါးကြာပါတယ်။ အခုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ပညာသင်ပေးခဲ့တာကတော့ ကလေးမြို့မှ စန္ဒရားဆရာဦးကျော်ငြိမ်းပါ။ လက်ရှိသင်ကြားပေးနေသူတွေကတော့ ယဉ်ကျေးမှုတက္ကသိုလ် အောင်ကျော်ဆန်း၊ မြန်မာမလေးသပြေ၊ ဆရာမ ဒေါ်နှင်းနှင်းဖြူတို့ပဲ ဖြစ်ပါတယ်။ အမျိုးဂုဏ်ဇာတိဂုဏ်နဲ့ ဆုရပြီးတဲ့ နောက် အမျိုးဂုဏ်နဲ့ ဇာတိဂုဏ်ကို ထိန်းသိမ်းဖို့ တာဝန်ရှိတယ်လို့လည်း ခံစားရပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပပေးခြင်းဖြင့် ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ မြန်မာ့ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးတဲ့ ပွဲတစ်ပွဲလို့ ကျွန်တော်ယုံကြည်မိပါတယ်။ ဒီလိုပွဲတွေရှိတာ ကျွန်တော်တို့ မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူဝမ်းသာစရာပဲ ဖြစ်ပါတယ်။

မအိမွန်ဇင်
အဆင့်မြင့်ပညာအဆင့်
မဟာဂီတပြိုင်ပွဲ ရွေတံဆိပ်ဆုရှင်
ရန်ကုန်တိုင်းဒေသကြီး

ကျွန်မအနေနဲ့ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကတည်းက ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ အဲဒီတုန်းကတော့ အမျိုးသမီး အသက် ၁၀-၁၅ မှာ ရွေတံဆိပ်ဆု ဆွတ်ခူးခဲ့ပါတယ်။ အခုတစ်ကြိမ်နဲ့ဆို နှစ်ကြိမ်မြောက်ရှိပါပြီ။ ကျွန်မတို့ မဟာဂီတနဲ့ဆိုရင် လူငယ်တွေအနေနဲ့ အလွန်ပဲ အလှမ်းဝေးပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးမှ ကျွန်မတို့လည်း မဟာဂီတကို သိရတာဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးတော့ ကျွန်မတို့လူငယ်တွေအတွက် အကျိုးရှိတယ်။ ကျွန်မတို့ ဘိုးဘွားတွေလက်ထက်က သီချင်းတွေကို ပြန်လည်လေ့ကျင့်ရတာကြောင့် အခက်အခဲတွေတော့ရှိပါတယ်။ ကျွန်မအနေနဲ့ မဟာဂီတကို ကိုယ်တိုင်လည်း တတ်ကျွမ်းအောင် ဆရာ ဆရာမတွေဆီကနေ သင်ယူမယ်။ ကိုယ့်အောက်က မောင်လေးညီမလေးတွေကိုလည်း ပြန်ပြီးသင်ကြားပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ အခုလို ပြိုင်ပွဲကြီးတွေကိုလည်း နှစ်စဉ် ကျင်းပပေးစေလိုပါတယ်။ ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လူငယ်တွေ အတွက်လည်း လေ့လာခွင့်ရတယ်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကနေ မြန်မာ့ရိုးရာအမွေအနှစ်တွေကို ထိန်းသိမ်းခွင့်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။

မောင်စိုးပြည့်ဟိန်း
အဆင့်မြင့်ပညာအဆင့်
မဟာဂီတပြိုင်ပွဲ ရွေတံဆိပ်ဆုရှင်
ရန်ကုန်တိုင်းဒေသကြီး

မဟာဂီတကို အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် ပထမနှစ်စတက်ကတည်းက လေ့လာခဲ့ပြီး မဟာဝိဇ္ဇာတန်းအထိ လေ့လာလိုက်စားခဲ့ပါတယ်။ အရင်ကမဟာဂီတနဲ့ပတ်သက်ပြီး ယှဉ်ပြိုင်ခဲ့တာတော့မရှိပါဘူး။ (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ဆိုင်းအဖွဲ့လိုက်နဲ့ ယှဉ်ပြိုင်ခဲ့ရာမှာတော့ ငွေတံဆိပ်ဆုရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲမှာလည်း ဆိုင်းအဖွဲ့လိုက်နဲ့ မဟာဂီတနှစ်မျိုး ယှဉ်ပြိုင်ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွေ စတင်ပြီ ဆိုကတည်းက သတ်မှတ်ထားတဲ့ သီချင်းတွေကို ဆရာဆရာမတွေ၊ အတီးသမားတွေနဲ့ အနီးကပ် လေ့ကျင့်ခဲ့ရပါတယ်။ မဟာဂီတဟာ အခြားအရာတွေနဲ့ ပတ်သက်ရင် အများကြီးခက်ခဲနက်နဲပါတယ်။ အဆွဲ၊ အင၊ အရစ်၊ အဝိုက်တွေအပြင် စည်းဝါးလည်း ပိုင်နိုင်ရပါတယ်။ မဟာဂီတကို ထဲထဲဝင်ဝင်လေ့လာမယ် ဆိုရင်တော့ အခက်အခဲများစွာကို ကျော်ဖြတ်ပြီး လေ့ကျင့်သင်ယူရမှာ ဖြစ်ပါတယ်။

မနန့်ဖြူစင်မြင့်မြတ်
ဝါသနာရှင်(ဒုတိယတန်း)
ရုပ်သေးပြိုင်ပွဲ ရွေတံဆိပ်ဆုရှင်
ရန်ကုန်တိုင်းဒေသကြီး

အခုပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် ဆိုပြီး အဆင့်ဆင့် အများကြီးပြိုင်ခဲ့ရပါတယ်။ ခရိုင်အဆင့်မှာ ရန်ကင်းမြို့နယ်ကိုယ်စားပြု ပထမဆုနဲ့ တိုင်းဒေသကြီးအဆင့် မှာလည်း ပထမဆုရခဲ့ပါတယ်။ အခုဗဟို အဆင့်မှာတော့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ရွေတံဆိပ်ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းအမွေအဖြစ် ရုပ်သေးပညာရပ်ဆက်ထိန်းထားနိုင်ဖို့ ကိုယ့်မှာရှိတဲ့ အရည်အချင်းတွေနဲ့ အကောင်းဆုံး လက်ဆင့်ကမ်းပေးဖို့လည်း ရည်ရွယ်ထားပါတယ်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းတဲ့ မြန်မာတစ်မျိုးသားလုံးအနေနဲ့လည်း မြန်မာ့ယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းပေးစေချင်တဲ့ အပြင် ပိုပြီးတော့ တိုးတက်အောင်လည်း ဖြန့်ဝေပေးစေချင်ပါတယ်။ အခုလက်ရှိအချိန်မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ မြန်မာ့ရုပ်သေးကြိုးဆွဲပညာကို ပျောက်ကွယ်မသွားစေဖို့ ဒီထက်မက ထိန်းသိမ်းသွားသင့်တယ်လို့လည်း ထင်ပါတယ်။

မရတနာလင်း
အဆင့်မြင့်ပညာအမျိုးသမီး
အကပြိုင်ပွဲ ငွေတံဆိပ်ဆုရှင်
ရခိုင်ပြည်နယ်

အခုလက်ရှိ မန္တလေးအမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသူဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ငယ်ငယ်ကတည်းက အနုပညာကို ဝါသနာပါခဲ့တာဖြစ်တဲ့အတွက် တက္ကသိုလ်ဝင်တန်းအောင်တော့ ယဉ်ကျေးမှုတက္ကသိုလ်ကို တက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်လည်း အနုပညာတွေ လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားလေ့လာသင်ယူနေပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ရင်းနှီးချစ်ခင်မှုတွေ ရတယ်။ တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ ယဉ်ကျေးမှုတွေလည်း သိခွင့်ရတယ်။ တစ်ဦးနဲ့တစ်ဦး အနုပညာတွေ ဖလှယ်ခွင့်ရရှိတဲ့အတွက်၊ ဒီပြိုင်ပွဲကျင်းပတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးခံစားရပါတယ်။

မောင်သူအောင်ချစ်
ဝါသနာရှင်(ဒုတိယတန်း)
ကွက်စိပ်ပြိုင်ပွဲရွေတံဆိပ်ဆုရှင်
ကရင်ပြည်နယ်

ဒီလိုပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ချင်ခဲ့တာ ကြာခဲ့ပါပြီ။ ချက်ချင်းမပြိုင်ရဘဲ နှစ်နှစ်လောက်ကတော့ လေ့လာတဲ့သဘောနဲ့ပဲ လိုက်ခဲ့ရတာပါ။ စာမူစာသွားတွေ၊ ဇာတ်ပြောဇာတ်ဆိုတွေ လေ့ကျင့်ရတယ်။ ငိုချင်းမှာဆိုရင် ဆို၊ ငို၊ ပြောတွေ ပါတဲ့အတွက် ဇာတ်တွေကိုကြည့်ရတယ်။ ဘယ်မင်းသား၊ ဘယ်မင်းသမီးအဖြစ် ကြည့်ရတယ်။ ပါဠိဘာသာတွေကအစ လေ့လာရတယ်။ ဒါတွေကို အရင်ဆုံးလေ့လာပါဆိုလို့ နှစ်နှစ်လောက်လေ့လာပြီး ဒီနှစ်မှ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ ကျွန်တော့်ကို သင်ပေးတဲ့ ဆရာတွေကတော့ များပါတယ်။ ကွက်စိပ်ပြိုင်တာဖြစ်တဲ့အတွက် ဆိုင်းရဲ့အသံကိုလည်း နားထောင်ရတယ်။ လူငယ်ဖြစ်တဲ့အတွက် တော်တော်လေးလေ့လာရတယ်။ မျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့အတွက် ကျွန်တော်တို့အနေနဲ့လည်း အများကြီးလေ့လာမယ်။ ပြီးရင် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းဖို့ ရည်ရွယ်ထားပါတယ်။ နောက်ထပ် ဒီလို ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေရှိရင်လည်း ဆက်ပြီးယှဉ်ပြိုင်ဦးမှာပါ။ ဆုရဖို့ အတွက်ဆိုရင်တော့ ဆရာသင်ပေးတာရော၊ ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုရော၊ နောက်ကပ်ပံ့ပိုးမှုရော ပေါင်းမှ အဆင်ပြေမှာ ဖြစ်ပါတယ်။

မောင်မိုးယံထက်
အဆင့်မြင့်ပညာအဆင့်
အရေးပြိုင်ပွဲရွေတံဆိပ်ဆုရှင်
ဧရာဝတီတိုင်းဒေသကြီး

အခုပြိုင်ပွဲကို ပုသိမ်တက္ကသိုလ်ကနေ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ တေးရေးဆရာ တစ်ယောက်ဖြစ်ဖို့အတွက် ဝမ်းစာများများ ရှာဖို့ လိုအပ်ပါတယ်။ ဝမ်းစာရှိမှ ပြည်သူကို အဆိပ်မဖြစ်ဘဲ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမယ့် သီချင်းတွေ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ဝမ်းစာရဖို့အတွက် စာမျိုးစုံ ဖတ်ရပါတယ်။ သုတ၊ ရသ၊ ဘာသာရေး စတဲ့ စာပေါင်းစုံဖတ်ရပါတယ်။ သီချင်းတစ်ပုဒ်မှာ ပါရမယ့်စည်းမျဉ်းတွေ သိထားရမယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်သွားဖို့အတွက် ကျွန်တော်တို့ အနေနဲ့ ထိန်းသိမ်းသင့်တယ်။ အခု အဆင့်မြင့်ပညာအရေးပြိုင်ပွဲမှာ ကျွန်တော် ရွေတံဆိပ်ရရှိခဲ့တဲ့ သီချင်းကတော့ ဗလင်းတန် တို့ရည်သန် သီချင်းနဲ့ ဖြစ်ပါတယ်။

ဦးကြည်သာဗိုလ်
ဝါသနာရှင်(ဒုတိယတန်း)
စောင်းအတီးပြိုင်ပွဲ ရွေတံဆိပ်ဆုရှင်
မန္တလေးတိုင်းဒေသကြီး

လက်ဦး ဆရာကတော့ ကျွန်တော့်ရဲ့အဖေဦးစိန်အောင်ဗိုလ် ဖြစ်ပါတယ်။ အခုပြိုင်ပွဲအတွက် တော်တော် လေ့ကျင့်ခဲ့ရပါတယ်။ ဆဒ္ဒန်အိုင်သာ သီချင်းနဲ့ အခု ရွေတံဆိပ်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ကျွန်တော်တို့ နောင်အနာဂတ် အနုပညာမျိုးဆက်တွေကိုလည်း အများကြီး လက်ဆင့်ကမ်းနိုင်မှာဖြစ်ပါတယ်။ အရင်ကလည်း အဆို၊ အက၊ အရေး၊ အတီး

စာမျက်နှာ ၁၃ သို့ *

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့က ဘုရားဖူးပြည်သူတစ်သိန်းခန့် လာရောက်ခဲ့

မကွေး အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ ပြည်သူတစ်သိန်းခန့် လာရောက်ခဲ့ကြောင်း မကွေးမြသလွန်စေတီတော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ဗုဒ္ဓဘာသာတို့၏ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်သည် (အဘိဓမ္မာအခါတော်နေ့)က မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးတွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲကိုကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများနှင့် ကပ်လှူပူဇော်ရေးအသင်းအဖွဲ့များက မြသလွန်ဘုရားကြီး ပရိဝုဏ်အတွင်းနှင့် ဇရာဝတီမြစ်ကမ်းဘေး ဘုရားစောင်းတန်းတစ်လျှောက်၌ နှမ်းဆီပိသာချိန် ၂၃၀ ခန့် အသုံးပြု၍ ဆီမီးခွက်၊ မီးစာတို့ဖြင့် ထွန်းညှိကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လကုန်အထိ ရက်ပေါင်း ၂၀ ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း၊ ဘုရားပွဲတော်ကြီးအား ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားထားခဲ့ပြီး ယခုနှစ်မှသာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီးတွင် စျေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ဒေသထွက်ကုန် အရောင်းဆိုင်များနှင့် အညာဒေသရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ်အထူးစည်ကားများပြားလျက်ရှိကြောင်း၊ မကွေးမြသလွန်ဘုရားပွဲတော်ကျင်းပသည့် ကာလတစ်လျှောက်တွင် အစည်ကားဆုံးဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့သည် နှစ်စဉ်နှစ်တိုင်း

မောင်မောင်(မင်းဘူး)

(၁၀၆)ကြိမ်မြောက် ကွမ်းခြံကုန်းမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ လှည့်လည်ပူဇော်ခံပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက်တွင် (၁၀၆)ကြိမ်မြောက် ကွမ်းခြံကုန်းမြို့နယ် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ လှည့်လည်ပူဇော်ခံပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ မြို့တွင်းလှည့်လည် ပူဇော်ခံပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲဖွင့်ပွဲ အခမ်းအနားကို နယ်မြေခံ တပ်မှ ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်၊ မြို့နယ်လုံခြုံရေးတာဝန်ခံ ဒုတိယ ဗိုလ်မှူးကြီး ရဲကျော်သူ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် မြို့မဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကြည်စိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ဆက်လက်ပြီး ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် မြို့မမမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများအား မြို့တွင်းဒေသစာရီ လှည့်လည်အပူဇော်ခံပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၅၂၆ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

ဓနုဖြူ(မြို့နယ်)၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ဓနုဖြူ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူ မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြို့ရွာ သန့်ရှင်းသာယာရေး အတွက် အမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အခြေခံပညာမူလတန်းကျောင်း (မြို့သစ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးစိုးလွင်က စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်တတ်စေရန်၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၊ တစ်ဦးချင်းအမှိုက်စွန့်ပစ်မှု လျှော့ချနိုင်ရေးအတွက် အသိပညာပေး ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်တင်တင်ကျော်က အမှိုက်စိုရ်၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်မှုအကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်မှုကစားနည်းဖြင့် သရုပ်ဖော်ယှဉ်ပြိုင်စေပြီး ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများက အမှိုက်စိုရ်၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ခြင်းနှင့် အမှိုက်အကြောင်း သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃၁

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

*** စာမျက်နှာ ၁၂ မှ**

ပြိုင်ပွဲကြီးတွေမှာ စောင်းအတီးပြိုင်ပွဲမှာရော ပတ္တလားအတီးပြိုင်ပွဲမှာပါ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်တွေ ရရှိခဲ့ဖူးပါတယ်။ ဒီလိုပြိုင်ပွဲတွေရှိနေတဲ့အတွက် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဆက်လက် ထိန်းသိမ်းရာလည်း ရောက်တယ်လို့ ယူဆပါတယ်။

မောင်လမင်းဦး

ဝါသနာရှင်(ပထမတန်း) စန္ဒရားအတီးပြိုင်ပွဲရွှေတံဆိပ်ဆုရှင် ရန်ကုန်တိုင်းဒေသကြီး

မောင်သူအောင်ချစ်

မောင်မိုးယံထက်

ဦးကြည်သာဗိုလ်

မောင်လမင်းဦး

အခုဝါသနာရှင် ပထမတန်း စန္ဒရားအတီးပြိုင်ပွဲမှာ ဒီပါအေးမြ ပတ်ပျိုးသီချင်းနဲ့ ရွှေတံဆိပ်ဆု ရရှိခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ စောင်း၊ စန္ဒရားနဲ့ ဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လက်ဦးဆရာက အဘိုးဦးကျော်လှိုင်ဖြစ်ပါတယ်။ သင်ကြားပေးတဲ့ ဆရာတွေများတော့ အနုပညာအစုံလည်း ရပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်တာ နှစ်ကြိမ်ရှိသွားပါပြီ။ (၂၃)ကြိမ်မြောက်တုန်းကလည်း စောင်းအတီးပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ဖူးပါတယ်။ အခုပြိုင်ပွဲမှာ အရင်ပြိုင်ပွဲတွေထက်ပိုပြီး ပြိုင်ပွဲဝင်တွေများလာတယ်လို့ ထင်ပါတယ်။

ယနေ့ နည်းပညာခေတ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုစံနှန်းများနှင့် ကွဲပြားလျက် မတူညီသော ယဉ်ကျေးမှုပုံစံများ၊ ဖျော်ဖြေရေးပုံစံများ၊ တွေးခေါ်ယူဆချက်များသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း စိမ့်ဝင်ထိုးဖောက်ပွတ်တိုက်မှုများရှိနေသည်။ ၎င်းတို့ကို ဝေဖန်ပိုင်းခြားလျက် ယဉ်ကျေးမှုအသိ၊ အမျိုးသားရေးသတိဖြင့် မိမိတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များ၊ ညီနောင်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များကို လက်ဆင့်ကမ်းထိန်းသိမ်းကြမည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပါဝင်ယှဉ်ပြိုင်ကြသူ အနုပညာရှင်အားလုံးတို့သည် ဂုဏ်ပြုထိုက်ဖွယ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းကြသူများ ဖြစ်ပေသည်။

သန်းခေါင်စာရင်းကောက်တော့မည် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့လိုသည်

မေယု-မျိုးအောင် (MANA)

ပခုက္ကူမြို့နယ်၌ အောက်တိုဘာ ၁ ရက်မှစတင်၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူစဉ်။

သန်းခေါင်စာရင်းကို ရှေးမြန်မာဘုရင်များ လက်ထက်က စစ်တမ်းအသွင်ဖြင့် စတင်ခဲ့သည်။ သို့သော် စစ်တမ်းတွင် လူဦးရေစာရင်းထက် မြို့ရွာအုပ်ချုပ်သူများ၏ မျိုးရိုးစဉ်ဆက်နှင့် အခွန်တော် အမျိုးမျိုးကိုသာ ဦးစားပေးဖော်ပြလေ့ရှိခဲ့သည်။ စနစ်တကျ လူဦးရေစာရင်းကောက်ခံမှုကို ဗြိတိသျှ အစိုးရလက်ထက် အောက်မြန်မာပြည်တွင် ၁၈၇၂ ခုနှစ်ညသန်းခေါင်အချိန်၌ စတင်ကောက်ယူခဲ့သည်။ မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ပြီးနောက် ၁၈၇၂ ခုနှစ်တွင် သန်းခေါင်စာရင်း စတင်ကောက်ခံခဲ့ရာမှ ယင်းနောက်ပိုင်းတွင် ၁၈၈၁ ခုနှစ်မှစ၍ ယေဘုယျအားဖြင့် ၁၀ နှစ် တစ်ကြိမ် သန်းခေါင်စာရင်း ဆက်လက်ကောက်ခံခဲ့သည်။ ၁۸۸၁ ခုနှစ်က အောက်မြန်မာပြည်၏ လူဦးရေမှာ နှစ်သန်းကျော် သုံးသန်းခန့်သာ ရှိခဲ့သည်ဆိုသည်။ ၁۸۸۶ ခုနှစ်တွင် မြန်မာတစ်ပြည်လုံး ဗြိတိသျှ လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်မှစ၍ အောက်မြန်မာပြည်အတွက်သာမက အထက်မြန်မာပြည်အတွက်ပါ ကောက်ခံခဲ့ကြသည်။

သီးခြားချန်လှပ်ထား

၁۸၉၁ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ခံခဲ့ရာ၌ အောက်မြန်မာပြည်လူဦးရေ ၄၄၀၈၄၆۸ ဦး၊ အထက်မြန်မာပြည်လူဦးရေ ၃၃၁၃၅၈ ဦး စုစုပေါင်း ၇၇၂၀၅၃ ဦးရှိခဲ့သည်။ သို့သော် ယင်းစာရင်းတွင် ကရင်နှင့်ကရင်နီ (ယခု ကယား) ပြည်နယ်ဒေသများ ပါဝင်ခဲ့ခြင်းမရှိပေ။ ဗြိတိသျှတို့၏ သွေးခွဲစနစ်အရ သီးခြားချန်လှပ်ထားခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့၏ လူဦးရေမှာ ၄၀၀၄၁၅ ဦး ရှိကြောင်း သိရှိရသည်။ ၁۸၃၁ ခုနှစ် သန်းခေါင်စာရင်းကောက်ယူစဉ်က တိုင်းရင်းသားများအဖြစ် ကချင်၊ ကရင်၊ ကယား၊ ဝ၊ လီဆူး၊ နာဂ၊ ပဒေါင်၊ ဆလုံ၊ ချင်း၊ တောင်သူ၊ ပအိုဝ်း၊ ပလောင်၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသော လူမျိုးစု ၁၆ မျိုးနှင့် အစုငယ်ပေါင်း ၁၃၈ မျိုးရှိကြောင်းဆိုသည်။

၁۸၄၁ ခုနှစ်တွင် အောက်မြန်မာပြည်လူဦးရေ ၈۸၁၀၇၃၃ ဦး၊ အထက်မြန်မာပြည်လူဦးရေ ၇۸၀၆၂၆၅ ဦး စုစုပေါင်း ၁၆၈၂၃۸۸ ဦး ရှိသည်။ ထိုစဉ်က မြန်မာပြည်၏ အကျယ်အဝန်းဧရိယာ ၂၃၃၄၉၂ စတုရန်းမိုင်တွင် စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၁۸၄၁ ခုနှစ် သန်းခေါင်စာရင်းများမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာမှုကြောင့် ဗြိတိသျှတို့ မြန်မာမြေပေါ်မှ ထွက်ခွာသွားခဲ့ရသဖြင့် မှတ်တမ်းများပျောက်ပျက်ခဲ့ရသည်။ ၁۸၄၁ ခုနှစ်က ရန်ကုန်မြို့၏ လူဦးရေမှာမူ ၅၀၀၈၀၀ ရှိကြောင်း ဆိုသည်။ သန်းခေါင်စာရင်းကောက်ယူရခြင်းနှင့်ပတ်သက်၍ ဗြိတိသျှတို့၏ ရည်ရွယ်ချက်မှာ အခွန်တော်ရရှိရေး၊ စစ်မှုထမ်းနိုင်သည့် လူဦးရေကို သိရှိနိုင်ရေးနှင့် မြန်မာ့အဆီအနှစ်များအား တတ်နိုင်သမျှ ထုတ်ယူကြရေး အတွက်သာဖြစ်ပါသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှစ၍ သန်းခေါင်စာရင်းကောက်ယူရာတွင် စိစစ်ရရှိသည့်အချက်အလက်များအရ တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို စီမံကိန်းများဖြင့် စနစ်တကျဖြည့်ဆည်းပေးနိုင်ရန် ကောက်ခံခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်တွင်းသောင်းကျန်းသူများကြောင့် မူလသတ်မှတ်ထားသော ၁۸၅၁ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိပေ။ သန်းခေါင်စာရင်းမင်းကြီး ဦးကျော်ခိုင် ဦးဆောင်သောအဖွဲ့က စနစ်တကျ သန်းခေါင်စာရင်းကောက်ခံနိုင်ရန်အတွက် ပုံစံများ ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ယင်းပုံစံတွင် လူဦးရေစာရင်းကိုသာမက ဘာသာစကား၊ စစ်မဖြစ်မီနေရပ်၊ စစ်ပြီးနေရပ်၊ ဝင်ငွေ၊ အလုပ်အကိုင် စသည့်အချက်အလက်များကိုပါ ထည့်သွင်းထားခဲ့သည်။ ၁۸၅၁ ခုနှစ်တွင်မှ မြန်မာပြည်တစ်ဝန်း သန်းခေါင်စာရင်းကောက်ယူဖြစ်ခဲ့ကြသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် လူဦးရေ ၇၃၇၀၇၉ ဦး နေထိုင်ကြောင်း သိရှိရသည်။

၁۸၅၁ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့မှ မြို့နေလူဦးရေစာရင်းကို ကောက်ယူခဲ့သည်။ ၁۸၅၄ ခုနှစ်တွင် ကျေးရွာအုပ်စု ၂၀၀၀ ကျော်ရှိ လူဦးရေစာရင်းအား ကောက်ယူခဲ့၏။ ၁۸၅၁-၁۸၅၄ ခုနှစ်များတွင် ကောက်ယူခဲ့ကြသည့် စာရင်းများမှာ တစ်ပြည်လုံးခန့်မှန်းခြေလူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်သာဖြစ်သည်။ ကျန်နယ်မြေများကို ၁۸၅၅ ခုနှစ်တွင် ဆက်လက်ကောက်ယူရန် ရည်ရွယ်ခဲ့သော်လည်း နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုများကြောင့် မကောက်ယူနိုင်ခဲ့ပေ။ ၁۸၅၇ ခုနှစ်တွင် နမူနာအဖြစ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခဲ့ကြသေးသည်။ ၁۸၆၁ ခုနှစ်တွင် စာရင်းကောက်ယူရန်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ကြသော်လည်း နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လက်လျှော့ခဲ့ရသည်။ ၁۸၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာခဲ့ပြီးနောက် ၁۸၆၄ ခုနှစ်တွင် ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာန၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် သန်းခေါင်စာရင်းဌာနတို့ ပူးပေါင်းလျက် နလကနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားများ အကူအညီဖြင့် (လူဦးရေ) စီးပွားရေးစစ်တမ်းကောက်ယူမှုပြုခဲ့သည်။

အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် ၁۸၇၃ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ခံခဲ့သည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ၁۸၇၂ ခုနှစ်တွင် သန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းကာ ၁۸၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ၁۸၇၃ ခုနှစ်တွင် ရန်ကုန်တိုင်း ဗဟိုသန်းခေါင်စာရင်းဦးစီးဌာနက မေးခွန်း ၂၅ ခုပါ သန်းခေါင်စာရင်းပုံစံသစ်များကို အပိုင်းလေးပိုင်းခွဲခြား၍ ထုတ်ပြန်ပေးခဲ့သည်။ သန်းခေါင်စာရင်းတွင် တိုင်းရင်းသားမျိုးနွယ်စုအလိုက် သတ်မှတ်ကောက်ယူခဲ့သည်ဆိုသည်။ ယခင်က သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးအပေါ် အခြေပြုကောက်ယူခဲ့ကြကြောင်းဆိုသည်။ ယင်းမျိုးနွယ်စု ၁၃၅ မျိုးတွင် ကချင် ၁၂၊ ကယား ၉၊ ကရင် ၁၁၊ ချင်း ၅၃၊ ဗမာ ၉၊ မွန် ၁၊ ရခိုင် ၇၊ ရှမ်း ၃၃ မျိုး ပါဝင်သည်။ သန်းခေါင်စာရင်းတွင် အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်း၊ နမူနာလူဦးရေသန်းခေါင်စာရင်း၊ နမူနာအိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စက်မှုလက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစက်မှုလက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစားသုံးကုန်ထုတ်လုပ်ခြင်း သန်းခေါင်စာရင်း၊ စိုက်ပျိုးရေးသန်းခေါင်စာရင်းစသည်ဖြင့် အမျိုးအစားစုံလင်စွာရှိရာ ၁۸၇၃ ခုနှစ် သန်းခေါင်စာရင်းမှာ အပြည့်ကောက်လူဦးရေ သန်းခေါင်စာရင်းအမျိုးအစား ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်းကောက်ယူခဲ့ခြင်း ဖြစ်သည်။ ၁۸၇၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေးကို နံနက် ၄ နာရီမှ စတင်ခဲ့သည်။ စမ်းသပ်ကောက်ယူပုံကို ဗဟိုသန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းညွှန့်၊ ကော်မတီဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များက လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။ ဒုတိယနေ့ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာသို့ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဒေသဆိုင်ရာအကြံပေးအရာရှိ မစ္စတာဗီယာနိုကာနစ္စတို လာရောက်လေ့လာခဲ့သည်။ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဦးကိုကို၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးသန်းညွှန့်နှင့်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုကာ လိုအပ်သောအကူအညီများ ပေးအပ်ခဲ့သည်။ ၁۹۶၃ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်းမှာ ၁۹۶၄ ခုနှစ်တွင် ပြည်သူ့သို့ အာဏာပြန်အပ်ရေးအတွက် အဆင့်ဆင့်သော ပြည်သူ့ကောင်စီ၊ အဆင့်ဆင့်သောရွေးကောက်ပွဲများ၌ မဲဆန္ဒရှင်စာရင်းပြုစုရေးနှင့် ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးစီမံကိန်းအရပ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းတင်ခဲ့ကြသည်။

သန်းခေါင်စာရင်းဟူသောဝေါဟာရ

၁۹၈၃ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူခဲ့သော်လည်း ၁۹۶၃ ခုနှစ်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူနိုင်ခဲ့ခြင်းမရှိပေ။ ၁۹၈၃ ခုနှစ်တွင် ရှေ့ပြေးလူဦးရေစာရင်းအဖြစ် မြန်မာတစ်နိုင်ငံလုံး၌ လူဦးရေ ၃၅ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုကို ကိန်းဂဏန်းအရေအတွက်တို့ဖြင့် အကဲဖြတ်သကဲ့သို့ ဖွံ့ဖြိုးမှုကိုလည်း လူစွမ်းအားအရင်းအမြစ်တို့၏ အရည်အသွေးတို့ဖြင့် တိုင်းတာလေ့ရှိသည်။ ခိုင်မာပြီး အရည်အသွေးပြည့်ဝသောစာရင်းအင်းများသည် တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် မူဝါဒများကို ချမှတ်ရာ၌ အရေးပါလျက်ရှိရာ နိုင်ငံတိုင်းသည် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို အလေးထားဆောင်ရွက်လေ့ရှိသည်။ အရည်အသွေးပြည့်ဝသော သန်းခေါင်စာရင်းများသည် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ရလဒ်ပြန်လည်ရရှိချက် လွန်စွာကြီးမားကြောင်းကိုလည်း ဖွံ့ဖြိုးမှုရှေ့တန်းရောက်နေသည့်နိုင်ငံများကို ပမာထား၍ ရှုမြင်နိုင်သည်။ သန်းခေါင်စာရင်းဟူသော ဝေါဟာရသည် ၁၀ နှစ်တစ်ကြိမ် လူဦးရေ ရေတွက်ခြင်း သို့မဟုတ် လူဦးရေစာရင်းများ ကောက်ယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူဦးရေအားလုံး၏အသက်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ အလုပ်အကိုင်မှအစ တစ်ယောက်ချင်းစီနှင့် သက်ဆိုင်သမျှ အကြောင်းအရာစုံလင်စွာ မှတ်သားထားသော စာရင်းကို သန်းခေါင်စာရင်းဟုခေါ်ဆိုကြသည်။

လွတ်လပ်ရေးရပြီးနောက် ၁۹۶၃ ခုနှစ်၊ ၁۹۶၅ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင်မူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၁۹۸၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ တိုင်အောင် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ပေ။

၂၀၁၄ ခုနှစ်တွင် ကောက်ယူနိုင်ခဲ့သော သန်းခေါင်စာရင်းပါ အချက်အလက်များသည် မြန်မာ့သမိုင်းတစ်လျှောက် အပြည့်စုံဆုံးနှင့် အခိုင်မာဆုံး စာရင်းမှတ်တမ်းများဖြစ်သည်။ လူဦးရေ သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်း၊ လုပ်သားအင်အားစုစစ်တမ်းအပါအဝင် အခြားသောပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ မွေးနှုန်း၊ သေနှုန်း၊ ရွှေ့ပြောင်းသွားလာမှု၊ အိမ်အကြောင်းအရာ စသည်ဖြင့် အရည်အသွေးမီအချက်အလက်များဖြင့် ကောက်ယူထုတ်ပြန်နိုင်ခဲ့သည်။

“နိုင်ငံတစ်နိုင်ငံတွင် မည်သည့်လုပ်ငန်း၊ မည်သည့်စီမံကိန်းများကို ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းနှင့် ကင်းကွာ၍မရပေ။ သန်းခေါင်စာရင်းကိုသာ အခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ကြရသည်။ သန်းခေါင်စာရင်းကောက်ယူမှုသည် ပြည်သူတစ်ဦးချင်းအတွက်သော်လည်းကောင်း၊ နိုင်ငံအတွက်သော်လည်းကောင်း များစွာအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံချက် အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းလက်တွဲ”

စာမျက်နှာ ၁၅ သို့ ❖

လယ်ယာထွက်ကုန်သီးနှံကုန်စည်ဒိုင်ဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်

ပဲခူး အောက်တိုဘာ ၃၁

ပဲခူးမြို့ မြို့မစျေး သီရိဥဿာစျေးရုံကြီးအပေါ် ထပ်၌ လယ်ယာထွက်ကုန်သီးနှံကုန်စည်ဒိုင်ဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က လယ်ယာထွက်ကုန်သီးနှံကုန်စည်ဒိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာထွက်ကုန်သီးနှံကုန်စည်ဒိုင်ရုံးခန်း၌ ပြသထားသည့် လယ်ယာထွက်ကုန်သီးနှံများနှင့် သီးနှံများအလိုက် ကုန်စည်စျေးနှုန်းများ ထုတ်ပြန်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးဦးစီးဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် Market Information System (M.I.S) ထုတ်ပြန်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ တောင်သူအခြေပြု စျေးကွက်သတင်းအချက်အလက်စနစ်များ အားကောင်းစေရန် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်၊ တောင်သူလယ်သမားများနှင့် လုပ်ငန်းစဉ်တွင်ပါဝင်သူများ (ဆန်စက်များ၊ ကုန်သည်ပွဲစားများ၊ လက်လီ/လက်ကားရောင်းချသူများ၊ သွင်းအားစုဖြန့်ချိသူများ)အားလုံး နေ့စဉ်ဒေသပေါက်စျေးနှုန်းများအား သိရှိစေရေး ဆောင်ရွက်သွားရန်နှင့် လယ်ယာကဏ္ဍတွင် ပါဝင်သူများအားလုံး အကျိုးဖြစ်ထွန်း၍ ပွင့်လင်းမြင်သာမှုရှိသော ယုံကြည်ကိုးကားနိုင်သည့် စျေးကွက်သတင်းအချက်အလက်စနစ် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စီးဆင်းနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ထားရှိနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများ အလိုက် အပြန်အလှန် ထိန်းကျောင်းမှုများပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် စသည့် ရည်ရွယ်ချက်လေးရပ်အား အထူးအလေးထား လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မြို့မစျေးကြီး သီရိဥဿာစျေးရုံကြီးအပေါ်ထပ်၌ ဖွင့်လှစ်ထားသည့် တိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာ ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲဆန္ဒရှင်များက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြရာ ယင်းတို့အနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ခဲ့ပြီး မဲပေးရာတွင် လွယ်ကူရှင်းလင်းစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များသည်လည်း မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲမရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို လက်တွေ့သိရှိရပြီး မဲပေးစက်အပေါ် ယုံကြည်သဘောကျနှစ်သက်မှုရှိကြောင်း သိရသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်းနှင့် ဦးထွန်းထွန်းမင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အောင်မြေရိပ်သာကျေးရွာအုပ်စု၊ ရွေးစုကျေးရွာအုပ်စု၊ ထန်းတောကြီးကျေးရွာအုပ်စုနှင့် ရေအေးကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ ခုမှ မဲဆန္ဒရှင်ပြည်သူများကို ရှင်းလင်းသရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်းများကို ယနေ့မှ နိုဝင်ဘာ ၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **စာမျက်နှာ ၁၄ မှ**

နိုင်ငံတွင်ရှိသည့် လူဦးရေနှင့် အိမ်အကြောင်းအရာများ ပြည့်စုံမှန်ကန်စွာ ရရှိထားမှသာ နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နယ်မြေဒေသများရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို အစဉ်အမြဲ မှန်ကန်ပြည့်စုံအောင် ကောက်ယူထားနိုင်မှသာ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ပြည်သူတို့သည် မျှားသောအားဖြင့် မိမိတို့ဒေသတွင်သာ အတည်တကျနေထိုင်ကြရာမှ ပြောင်းလဲလာသော လူမှုဘဝအခြေအနေများအရ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုများ ရှိလာကြသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်

လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များ မှန်ကန်စွာရရှိရန်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ဆယ်စုနှစ်အလိုက် ဆောင်ရွက်ကြသည်။ တိုးပွားနေသောလူဦးရေနှင့် အတည်တကျမရှိသော ရွှေ့ပြောင်းသွားလာနေထိုင်မှုများကြောင့် တိကျမှန်ကန်သော လူဦးရေစာရင်းရရှိရန်အတွက် အခက်အခဲများရှိမည်ဖြစ်ရာ မှန်ကန်သောအချက်အလက်များရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်၌ ၁၀ နှစ် ပြည့်ပြီဖြစ်၍ ပြောင်းလဲလာသော ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ လာမည့်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေး၊ နိုင်ငံသားတိုင်း အသိအမှတ်ပြုကတ်ပြား တစ်မျိုးမျိုး မဖြစ်မနေရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် သတ်မှတ်ကာလအတွင်းဆောင်ရွက်ခဲ့ရာ တိုင်းလုံးကျွတ်လျှထားချက် ရာခိုင်နှုန်းပြည့်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။

၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းကောက်ယူရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူရမည်ဖြစ်ရာ လုပ်ငန်းပမာဏအများဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်၍ မြေပုံရေးဆွဲပြုစုခြင်းနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်း လုပ်ငန်းများကို အချိန်အကြာဆုံး၊ လူအင်အားနှင့် ငွေအင်အားအများဆုံး အသုံးပြုနေကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူစဉ်က GIS နည်းပညာဖြင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်/ကျေးရွာ တည်နေရာပွိုင့်များ ကောက်ယူခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ရန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်နေစဉ် အခြားအများပြည်သူနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကလည်း လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိခြင်းသည် နိုင်ငံအတွက် အရေးပါပြီး ပြည်သူများ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုပုံတို့ကို အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပြုလုပ်ပေးသင့်သည်။ ပြည်သူများအမြင်တွင် နားလည်သဘောပေါက်ပြီး လုပ်ငန်းများအောင်မြင်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင်မှု အားကောင်းလာမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးပါလျက်ရှိရာ အများပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ အနေဖြင့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးခြင်း၊ အကောင်းဆုံးကူညီဆောင်ရွက်ပေးခြင်း၊ အကောင်းဆုံးနွေးထွေးပျူငှာစွာဆက်ဆံခြင်းဖြင့် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အချိန် ၅၁ လခန့်ဖြင့် လျှာထားဆောင်ရွက်

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ လုပ်ငန်းဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း လုပ်ငန်းစဉ်လေးရပ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ အထိအချိန် ၅၁ လခန့်ဖြင့်လျှာထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီး နှစ်ပေါင်း ၃၀ ကြာပြီးနောက် ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၁ ဒသမ ၅ သန်းရှိပြီး ပေါ်ထွက်လာသော စာရင်းအချက်အလက်ရလဒ်များအရ နိုင်ငံနှင့်လူမျိုးအတွက် သတိပြုဆင်ခြင်ပြုပြင်ပြောင်းလဲ ဖြည့်ဆည်းဆောင်ရွက်ရမည့် အကြောင်းအရာများ ရရှိခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာက စီစဉ်လျက်ရှိသည်။ တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များသည် တိုင်းပြည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နိုင်ငံအသီးသီးအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးမှုနှင့် လူဦးရေတိုးတက်မှုကို တိုင်းတာရန်အတွက် ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် အကြံပြုထားသည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်လုပ်ငန်း၊ မည်သည့်စီမံကိန်းများကို ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းနှင့် ကင်းကွာ၍မရပေ။ သန်းခေါင်စာရင်းကိုသာ အခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ကြရသည်။ သန်းခေါင်စာရင်းကောက်ယူမှုသည် ပြည်သူတစ်ဦးချင်းအတွက်သော်လည်းကောင်း၊ နိုင်ငံအတွက်သော်လည်းကောင်း များစွာအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့် အညီ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံချက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

မြစ်ကြီးနား-ဗန်းမော် ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန် လုံခြုံရေးစခန်းအား KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့မှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းအား တားဆီးထိန်းချုပ်ရန် ဆောင်ရွက်လာသဖြင့် တပ်မတော်မှ လိုအပ်သည့် တုံ့ပြန်မှုများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ယနေ့နံနက်ပိုင်းတွင် အများပြည်သူအသုံးပြုလျက်ရှိသော မြစ်ကြီးနား–ဗန်းမော် အဓိက ဆက်သွယ်ရေး ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ကန်တော်ယန် တစ်ဝိုက်ရှိ လုံခြုံရေးအဖွဲ့အား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

KIA နှင့်ပူးပေါင်းအင်အားစုများသည် အောက်တိုဘာ ၆ ရက်တွင်လည်း အဆိုပါ လမ်းကြောင်းပေါ်ရှိ လဲလုံလမ်းကြောင်း လုံခြုံရေးစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်အနေဖြင့် သက်ဆိုင်ရာ Peace – Talk Creation Group (PCG) မှတစ်ဆင့် ဆက်သွယ်၍ အများပြည်သူအသုံးပြုသည့် အရေးကြီးသော ဆက်သွယ်ရေးလမ်းဖြစ်၍ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ခြင်း မပြုရန်နှင့် ထပ်မံ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာပါက သည်းခံနိုင်စွမ်းကုန်ဆုံးပြီး သင့်လျော်သည့် တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ကြိမ်တိုင်တိုင် အသိပေးအကြောင်းကြားခဲ့သည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုကာ ငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ်ကမ်းလှမ်း၍ တတ်နိုင်သရွေ့ သည်းခံမှုများ ပြုလုပ်ခဲ့သော်လည်း KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ အကြမ်းဖက်အဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများနှင့် အချိန်ကိုက် အခွင့်အရေးယူကာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်၏ တပ်စုအဆင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ကန်တော်ယန် လုံခြုံရေးစခန်းအား သာလွန်အင်အား အများအပြားအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြစ်ကြီးနား–ဗန်းမော်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့ထိန်းချုပ်ရန် ဆောင်ရွက်လာခဲ့သည်။ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ/စစ်သည် အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် အမာခံသတင်းပေးများ၏ တိကျစွာ သတင်းပေးပို့ချက်အရ ကြိုတင်သိရှိထားသော KIA အဖွဲ့၏ လက်နက်ထုတ်လုပ်သည့် နေရာ၊ ခဲယမ်းနှင့် မိုင်းများ ထုတ်လုပ်သည့် နေရာများနှင့် သိုလှောင်သည့်နေရာများအား သင့်လျော်သည့် တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါနေရာသည် နယ်စပ်နှင့် နီးကပ်သည့် နေရာဖြစ်၍ အိမ်နီးချင်းနိုင်ငံသို့ မလွဲမသွေသာ ဆောင်ရွက်ရမည့်ကိစ္စရပ်အား ကြိုတင်အသိပေး ဆောင်ရွက်ခဲ့ခြင်းအပြင် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကန့်သတ်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း ပြည်သူလူထုနှင့်ပတ်သက်၍ နှောင့်ယှက် ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ထပ်မံဆောင်ရွက်လာပါက လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ယနေ့ စတင်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၁

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ကို နိုဝင်ဘာ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သလို MNL စတင်ကတည်းက ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့် ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းလည်း ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၁၉) အဖြစ် နိုဝင်ဘာ ၁ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ နိုဝင်ဘာ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသီပွဲအသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၁ မှတ်၊ ဟံသာဝတီအသင်းက ၃၁ မှတ်၊ အား/ကာသီပွဲအသင်းက ၂၅ မှတ်၊မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရတနာပုံ၊ ဒဂုံစတားနှင့် မြဝတီအသင်းများက ၁၉ မှတ်စီ၊ ဧရာဝတီအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၁ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ ချန်ပီယံမျှော်လင့်ချက် ဆက်လက်အားကောင်းမည်ဖြစ်သည်။ GFA အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း တွေ့ဆုံသည့် ပွဲမှာ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲဖြစ်နေပြီး GFA အသင်း အနိုင်ရပါက တန်းဆင်းဇုန်ကလွတ်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး အရေးနိမ့်ပါက အခွင့်အရေးလွန်စွာနည်းပါးသွားမည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၃၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ" ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့(အခမဲ့)လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မုံရွာမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ အောက်တိုဘာ ၃၁

စစ်ကိုင်း တိုင်းဒေသကြီး အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး စီမံကိန်း တန်ဖိုးမြှင့်စားသောက်ကုန် (Bakery အမျိုးမျိုး) ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးရှိ Incubation Centre သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးအောင်မောင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

အဆိုပါ ဒေသထွက်ကုန်ကြမ်းပစ္စည်းများအပေါ် အခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်များကို မုံရွာမြို့ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်း ရေးဇုန်ရွာတုံကျေးရွာမှ သင်တန်း သား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြ ဆရာ ဆရာမ များက နံကထိုင် အမျိုးမျိုး၊ လျှာပေါ်ဝဲ အမျိုးမျိုး၊ နှမ်းကပ်ကွတ်ကီး အမျိုးမျိုး၊ နှမ်းကပ်ပေါင်မုန့်၊ ကြက်ဥ ထောပတ်ပေါင်မုန့်၊ ကြက်ဥပူတင်း စသည့် ထုတ်လုပ်မှုနည်းပညာအမျိုး ၂၀ အား သင်တန်းကာလ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ရက်သတ္တ တစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ထူးချွန်သင်တန်းသား ငါးဦး ရွေးချယ်၍ လိုအပ်သော စက်ပစ္စည်းများနှင့် လုပ်ငန်းသုံး ပစ္စည်းများကို ထောက်ပံ့ပေးပြီး ကုန်ထုတ်လုပ်ငန်းရှင်များ ဖြစ်လာသည် အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော်အောက်တိုဘာ ၃၁

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၃၀-၁၀-၂၀၂၃ ရက်မှအဆက်

"အောင်မာ၊ တယ်ဆိုတဲ့စာပါကလား။ ကိုင်းပါဗျာ၊ မောင်ရင်လေး ကြိုက်သလိုသာ အရင်းရှင်တွေ၊ ခေါင်းပုံဖြတ်တွေ ဆိုတဲ့စကားလုံးတွေသုံးပြီး ကွန်မြူနစ်တရားတွေဟောစမ်းပါဦး"

ဦးမြမောင်သည် ဆယ်ရင်လိုထန်းတက်သမားလေးက လူနှင့်မတန်သည့် စကားများထွက်လာခြင်းကြောင့် နားခါးလှဟန်ဖြင့် ငေ့ါ၍ပင် ပြောလိုက်လေသည်။

ယခုတော့ ဆယ်ရင်ကလည်း မထူးတော့ပြီမို့ မည်သို့ပင် ဦးမြမောင်က ငေ့ါ၍ ပြောလိုက်စေကာမူ ရယ်မလို၊ ပြုံးမလို ခပ်ကြောင်ကြောင် မျက်နှာထားဖြင့် သူ့စကားကို စလိုက်လေသည်။

"က၊ ဒီလိုဆိုရင် ကျုပ်ပြောမယ်။ ဒီနေ့ နိုင်ငံအခြေအနေကို ကြည့်စမ်းပါဦး။ အမြတ်ကြီးစားစနစ်နဲ့ ကုန်ရောင်းကုန်ဝယ်ပြုနေကြတဲ့ နိုင်ငံခြားသားတိုင်းရင်းသား အရင်းရှင်ကြီးတွေပိုင် ပုဂ္ဂလိကကုန်သည်ကြီးတွေရဲ့ ဈေးဆိုင်ကြီးတွေ၊ ကုမ္ပဏီကြီးတွေကို နိုင်ငံတော်အစိုးရက ပြည်သူပိုင်သိမ်းပစ်လိုက်တာတွေ၊ နောက် အရေးကြီးတဲ့ လူသုံးကုန်ထုတ်လုပ်တဲ့ စက်ရုံကြီးတွေ၊ အလုပ်ရုံကြီးတွေကို နိုင်ငံပိုင်အဖြစ် လုပ်ပစ်လိုက်တာတွေ၊ နောက် လုပ်သားတွေ အနေနဲ့ အချို့စက်ရုံ၊ အလုပ်ရုံနဲ့ အချို့ ဆေးလိပ်ခုံတွေကိုတောင် ပိုင်ရှင်တွေ လက်ထဲက လုပ်သားပိုင်အဖြစ်နဲ့ လွှဲပြောင်းယူပြီး လုပ်ဆောင်နေကြပြီ ဆိုတာ ဦးလေးအသိပဲမဟုတ်လား။

"အဲဒီလို ငွေရင်းကြေးရင်း မတည်ထားရတဲ့ အချို့စက်ရုံ၊ အလုပ်ရုံတွေကိုတောင် လုပ်သားများက လုပ်ပိုင်ခွင့်အနေနဲ့ ပိုင်းလုပ်ပြီး ပိုင်းပိုင်ဆိုင်နိုင်ခွင့်ရှိကြသေးရင် သဘာဝအလျောက် ကြီးထွားပေါက်ရောက်နေတဲ့ ထန်းပင်တွေကို ကျုပ်တို့လို ထန်းတက်သမားတွေက ထန်းစုမပေးတော့ဘူးလို့ကြေညာပြီး လွတ်လပ်စွာ လုပ်ပိုင်ခွင့်အနေနဲ့ လုပ်ပိုင်ခွင့် မရှိထိုက်ပေဘူးလား"

"ဟ၊ ဆယ်ရင်ရ။ ဧရာမငွေကြေးရှင်ဓနရှင်တွေရဲ့ ကုမ္ပဏီကြီးတွေ၊ စက်ရုံကြီးတွေ၊ အလုပ်ရုံတွေသိမ်းတာနဲ့ တို့ထန်းပင်နဲ့ ဘာများဆိုင်လို့တုံးကွ။ မင်းကလည်း အေးဆွေလို ကိုယ်လိုရာဆွဲပြီး ငါ့စကားနွားရ ပြောနေပြန်ပါပြီ"

ဆယ်ရင်က လေအေးဖြင့် အခြေအနေကို ရှင်းပြနေသော်လည်း ဦးမြမောင်ကမူ မျက်စိမှိတ်၍ငြင်းရင်း အတင်းဖိပြောလိုက်သည်။

"ဆိုင်ပါသော်ကော ဦးလေးရာ။ တစ်နှစ်မှာ ကိုးလ ဆယ်လလုံးလုံး ထန်းပင်ကိုဖက်ပြီး ကိုယ်တိုင်လည်း ကြီးကြပ်၊ ကိုယ်တိုင်ကိုယ်ကျလည်း ထန်းပင်ကိုတက်၊ ထန်းလျက်ကိုလည်းကျို့ နောက်ပြီး မြူအိုးဖိုး၊ ကြိုးဖိုး၊ ထင်းဖိုးက အစ ရင်းနှီးမတည်ထားရတဲ့ ကျုပ်တို့လို ထန်းသမားတွေကကော ကျုပ်တို့တက်နေတဲ့ ထန်းပင်တွေရဲ့ လုပ်အားထဲက ဘာမှမလုပ်ဘဲ ထန်းစုအချောင်ယူနေတဲ့ ထန်းပိုင်ရှင်တွေကို ထန်းစုမပေးတော့ဘူးလို့ ကြေညာပြီး လွတ်လပ်စွာ လုပ်ပိုင်ခွင့် အနေနဲ့ ပိုင်းလုပ်ပြီး အားလုံးဝေဌယူ စနစ်နဲ့ လုပ်ပိုင်ခွင့်ယူနိုင်ခွင့် မရှိထိုက်ပေဘူးလား"

ချက်ပိုင်ပိုင်နှင့်ပြောလိုက်သော ဆယ်ရင်၏စကားများကြောင့် ဦးမြမောင်သည် ဆယ်ရင်ကို မျက်မှောင်ကြီးကြုတ်၍ ကြည့်လိုက်၏။

အနီးရှိ အလျှုလာ ဧည့်သည်ပရိသတ်သည် မြို့မှ ထန်းပိုင်ရှင် ဦးမြမောင်နှင့် ဘုံထန်းတောအဖွဲ့မှ ထန်းသမား ဆယ်ရင်တို့၏ အချေအတင်ငြင်းခုံပွဲကို ပွဲကြီးပွဲကောင်းတွေ့ရတော့မည့်ပမာ ၎င်းတို့ ပြောလက်စ စကားများကို ဖြတ်လိုက်ကြကာ အာရုံစိုက်လာကြသည်။ စိတ်ဝင်စားလာကြသည်။ ဂရုတစိုက် နားထောင်လာကြသည်။

"အိုကွာ၊ ဘာလို့ ပစ္စည်းရှင်သဘောမတူဘဲနဲ့ လုပ်ပိုင်ခွင့် ရှိနိုင်ရမှာလဲ။ ယူနိုင်ခွင့်ကော ရှိရမှာလဲ"

ဦးမြမောင်က နိုင့်ထက်စီးနင်းလုပ်ကာ အကျောက်အကန် ငြင်းလိုက်သည်။

"လုပ်ပိုင် ယူနိုင်ခွင့် ရှိတာပေ့ါဗျာ။ က၊ ကျုပ်မေးမယ်။ ထန်းလျက်ဆိုတဲ့ ကုန်ပစ္စည်းဖြစ်လာအောင် ဦးလေးတို့ ထန်းပိုင်ရှင်တွေက မြူအိုးတစ်လုံးများ လာကောက်ပေးဖူးလို့လား။ ထင်းတစ်ချောင်း ပိုက်ဆံတစ်ပြားကော အလကား ပေးဖူးလို့လား"

"ဟေ့၊ ဟေ"

ဦးမြမောင်သည် အုံ့သြသံကြီးဖြင့် မျက်လုံးကြီးပြူးသွားကာ ဆယ်ရင်ကို လှမ်းကြည့်လိုက်၏။ ပြီးမှ-

"ဟ ဆယ်ရင်ရ၊ ထန်းပင်တွေဟာ တို့ရဲ့ အရင်းအနှီးတွေပေ့ါကွ။ ဒီထန်းပင်တွေကို မင်းတို့ကို ဘယ်သူကမှ ထန်းလျက်မရဘဲ အလကားတက်ခိုင်းပါ့မလဲ။ တို့မှာလည်း အလကားရတဲ့ထန်းပင်တွေမှ မဟုတ်ဘဲ။ တို့ဘိုးဘွားတွေ တမင်တကာ စိုက်လို့ပျိုးလို့ ဖြစ်ထွန်းလာတဲ့ အပင်တွေပဲ။ ဒါကို တို့ဘိုးဘွားတွေက အမွေပေးခဲ့တာ။ နောက်ပြီး တရားသဖြင့် ငွေကြေးနဲ့ တန်ဖိုးထားပြီး အပေါင်ခံပြီး မတည်ဝယ်ထားရတဲ့ ထန်းတောတွေ။ ဒါကို မင်းတို့က အမမှယူမယ်၊ လုပ်မယ်ဆိုတော့ ဘယ်တရားမလဲကွ"

"တရားပါတယ်"

"ဟေ၊ တရားတယ်"

ထန်းပိုင်ရှင် ဦးမြမောင်မှာ ဆယ်ရင်၏ စကားကြောင့် နောက်တစ်ကြိမ် တအံ့တသြဖြစ်သွားပြန်ကာ မျက်လုံးကြီးပြူး၍ပင် ဆယ်ရင်အား ကြည့်လိုက်ပြန်၏။

"ကျုပ်ပြောမယ့်စကားကို ဦးလေးက ဆုံးအောင်မှနားမထောင်ဘဲကိုး။ က၊ ကျုပ် ဥပမာတစ်ခုပြောမယ်။ တောထဲမှာ ပေါက်နေတဲ့ ကျွန်း၊ အင်ကြင်း၊ သစ်ရာ၊ ပိတောက်၊ ပျဉ်းကတိုး စတဲ့သစ်ပင်တွေကို ဘယ်သူက သွားစိုက်ထားသလဲ"

"ဟ၊ ဘယ်သူက သွားစိုက်နေရမှာလဲ။ သူ့အလိုအလျောက် မျိုးဆက်ပျိုးနှံ့ပြီး ပေါက်လာတာပေ့ါကွ"

"ကောင်းပြီ။ ဒါဖြင့်ရင် ဘယ်သူကမှ သွားမခုတ်ဘဲ တောထဲမှာ ခုတိုင်း ရှိနေရင် တန်ဖိုးရှိပါ့မလား"

"ဘယ်ရှိမလဲကွ"

"ဟုတ်ပါတယ်၊ မရှိပါဘူး။ ဒါပေမဲ့ မြို့ပေါ် ရောက်လာတဲ့အခါကျတော့ တန်ဖိုးရှိလာတယ်။ ဒါ ဘာ့ကြောင့်လဲ"

ဦးမြမောင်က သဘောမပေါက်ဟန်ဖြင့် ရုတ်တရက် မဖြေပေ။ သည်တော့မှ ဆယ်ရင်သည် သူ့စကားကို သူပင် အဖြေပေး၍ ရှင်းပြလေသည်။

"လုပ်အားတန်ဖိုးပေ့ါ ဦးလေး၊ လုပ်အားတန်ဖိုးပေ့ါ။ ကျွန်းတစ်ပင်ဟာ တတ်နိုင်ရင် အနှစ်တစ်ထောင်ရှိနေတဲ့ သစ်ပင်ကြီး ဖြစ်နေပါစေ၊ တောကြီးမျက်မည်းထဲမှာ ခုတိုင်းထားရင် တန်ဖိုးမရှိပါဘူး။ တန်ဖိုးရှိဖို့ဖြစ်လာတာက ဒီကျွန်းပင်ကြီးကို သစ်ခုတ်သမားက ခွန်အားစိုက်ထုတ်ပြီးတော့ ခုတ်လှဲရတယ်။ အဲသလိုခုတ်လှဲပြီးတာနဲ့ တစ်ပြိုင်နက် ဒီကျွန်းတုံးကြီးဟာ သစ်ခုတ်သမားရဲ့ လုပ်အားတန်ဖိုးကြောင့် လုပ်အားနဲ့ တန်ဖိုးညီမျှတဲ့ ငွေကြေး တန်ဖိုး ရှိလာပါတယ်။

"ဒီနောက်တော့ ခုတ်လှဲတဲ့ နေရာက နေပြီး သစ်တုံးရေမျှောမယ့် ချောင်းမြောင်းနေရာထိ ဆင်တို့၊ ကျွဲတို့၊ အလုပ်သမားတို့နဲ့ သစ်တုံးတွေကို ဆွဲယူချရတယ်။ အဲသလို ဆင်၊ ကျွဲ၊ အလုပ်သမားတို့ရဲ့ ခွန်အားစိုက်ထုတ်မှုတန်ဖိုးအရ တောထုတ်ခအနေနဲ့ ထပ်ပြီး ငွေကြေးတန်ဖိုး တက်လာတယ်။

"နောက် မြစ်ချောင်းထဲရောက်လာတဲ့ အခါကျတော့လည်း ဆင်တို့၊ အလုပ်သမားတို့နဲ့ စုဆောင်းပြီး သစ်ဖောင်ဖွဲ့ရပြန်တယ်။ အဲဒီ ဆင်၊ အလုပ်သမား၊ သစ်ဖောင်ဖွဲ့ခတို့ရဲ့ လုပ်အားအရ ထပ်ပြီး သစ်တွေဟာ ငွေကြေးတန်ဖိုး တက်လာပြန်တယ်။

"အဲဒီနောက် မြို့ သစ်စက်ရောက်လာတဲ့အထိ သစ်ဖောင်မျှောချလာတဲ့ အလုပ်သမားရဲ့ လုပ်အားတန်ဖိုး၊ မြို့ မြစ်ဆိပ်ရောက်တဲ့အခါမှာလည်း မော်တော်တို့၊ ဆင်တို့နဲ့ စုဆောင်း ဆွဲတင်ရတဲ့ လုပ်အားတန်ဖိုး၊ အလုပ်သမားရဲ့တန်ဖိုးတွေ ထပ်ပြီး တန်ဖိုးတက်လာပြန်တယ်။

"အဲဒီကတစ်ဖန် သစ်စက်ထဲရောက်တဲ့အထိ သယ်ယူပို့ဆောင်ရေး အခ၊ အလုပ်သမားခအနေနဲ့ ထပ်ထပ်ပြီး လုပ်အားတန်ဖိုးငွေတွေ တက်လာပြန်ပါရော။

"အဲဒီနောက်တော့ စက်ကိရိယာရဲ့ စွမ်းအားနဲ့ လူ့လုပ်အား စွမ်းဆောင်ချက်နဲ့ ပေါင်းစပ်လိုက်တဲ့အခါကျတော့ ပျဉ် ဆိုတဲ့ ကုန်ချောတွေထွက်လာပြီး အားလုံး စွမ်းအား လုပ်အားတွေရဲ့ လုပ်ဆောင်ချက် အထွေထွေတန်ဖိုးအရ ဒီ ကျွန်းသစ် စတဲ့ပျဉ်တွေဟာ လူသုံးကုန်ပစ္စည်းတစ်ရပ်အနေနဲ့ တန်ဖိုးရှိလာတာပေ့ါ ဦးလေး"

အလျှုမဏ္ဍာပ်တွင်းရှိ၎င်းတို့ပတ်ဝန်းကျင်မှ ဧည့်သည်ပရိသတ်သည် ဆယ်ရင်၏ တိုးတက်သောအမြင်ဖြင့် ကြောင်းကျိုးဆက်စပ်၍ တွေးခေါ်တင်ပြချက်များကို အလေးအနက်ထားကာ တွေးတောစဉ်းစားနေပုံရသည်။

ဦးမြမောင်ကမူ ကိုအေးဆွေတို့ ဘုံထန်းတော စုပေါင်းလုပ်ငန်းအဖွဲ့မှ ထန်းတက်သမားတစ်ယောက်က သည်မျှအထိ တိုးတက်သော အယူအဆ၊ အသိအမြင်တို့ဖြင့် တွေးခေါ်ရှင်းပြသွားခြင်းကို အံ့သြနေပုံရသည်။ ကိုအေးဆွေ၏ မြှောက်ပင့်ပေးချက်ဖြင့် သဘောတရားရေး အသိမပါဘဲ ဆင်ကန်းတောတိုး လုပ်နေသည်ဟု ထင်ခဲ့၏။ ခွေးရူးကောင်းစား တစ်မွန်းတည့်ပါဟု ထင်မှတ်ကာ အထင်အမြင်သေးခဲ့၏။ မည်သို့ပင် ညီညွတ်စွာ လုပ်ဆောင်နေကြသော်လည်း မကြာမီ ပြိုကွဲပျက်စီးသွားမည်ဟုသာ အောက်မေ့ခဲ့၏။ ယခုတော့ အထင်နှင့်အမြင် လွဲဟန်ဖြင့် အံ့သြနေပုံရသည်။ သို့သော် တစ်ဖက်ကမူ ထန်းတက်သမားတစ်ယောက်က သည်ကဲ့သို့ လူနှင့်မတန်သည့် ကြီးကြီးကျယ်ကျယ်နှင့် သုံးနှုန်းလာသော စကားများကြောင့် နားကလောဟန်ဖြင့် ဆယ်ရင်ကို မနှစ်မြို့စွာ ကြည့်နေသည်။ ပါးစပ်မဲ့ရွဲ့၍ သရော်နေသည်။

"အဲဒီလိုပဲ ထန်းပင်တွေဟာလည်း အစပထမတုန်းက ဘယ်သူမှစိုက်ခဲ့တာ မဟုတ်ပါဘူး။ ကမ္ဘာကြီးပေါ်စကတိုင် သဘာဝအလျောက် အလိုအလျောက် မျိုးစေ့ဖြစ်ထွန်းပြီး ပေါက်လာကြတာပါ။ နောက်တော့ လူတွေက ဒီအပင်တွေရဲ့ အသီး၊ အရွက်၊ အလက်တွေဟာ စားရတယ်၊ သုံးရတယ်၊ အရည်အဖြစ် လှီးဖြတ်ခံယူပြီး သောက်သုံးရတယ်၊ ထန်းလျက်အဖြစ်လည်း ကျိုချက်စားသုံးရတယ် ဆိုတဲ့အသိတွေ ဝင်လာတယ်မဟုတ်လား။ ဒါကြောင့်လည်း ဒီအပင်တွေဟာ တန်ဖိုးရှိလာတာပေ့ါ"

"အေးလေ၊ ဒီလို တန်ဖိုးရှိလို့ မင်းတို့က အဓမ္မယူနေတာကို မတရားဘူးလို့ ငါက ပြောတာပေ့ါကွ"

ဆယ်ရင်၏ စကားအပြတ်တွင် ဦးမြမောင်က ချက်ပိုင်ပိုင်နှင့် ကောက်နှက်လိုက်သည်။ သူ့စကားကိုလည်း အားရကျေနပ်ဟန်ဖြင့် ဝင့်ကြွားပြုံးကြီးပြုံးနေသည်။

ဆယ်ရင်ကမူ သူ့လှည့်ကွက်ထဲသို့ ဝင်လာသော ဦးမြမောင်အား မထိတထိ လေးနှင့် ဝန်ခံသလိုလိုအမူအရာလုပ်၍ ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဦးလေးတို့ဘက်ကနေ ကြည့်ရင်တော့ ကျုပ်တို့ထန်းတက်သမားတွေက ထန်းစုမပေးဘဲ လုပ်လိုက်တာဟာ မတရားပါဘူး။ ဒါပေမဲ့ ကျုပ်တို့ဘက်ကနေကြည့်ရင်တော့ အလွန်ပဲ တရားပါတယ်။ အလွန်လည်း မှန်ကန်နေပါတယ်။ ဘာ့ကြောင့်ဆိုရင် ဒီထန်းပင်တွေက အသီးအရွက်တွေကို ကျုပ်တို့ ထန်းသမားတွေက တက်ပြီး ခူးမပေးရင်၊ အရည်ကို တက်လှီးပြီး ယူမပေးရင်၊ တစ်ဖန် ရလာတဲ့ အရည်ကိုလည်း ကျိုချက်ပြီး ထန်းလျက်လုပ်မပေးရင် ဒီထန်းပင်တွေဟာ တန်ဖိုးရှိပါ့မလား"

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

"ဦးမြမောင်ကမူ ကိုအေးဆွေတို့ ဘုံထန်းတောစုပေါင်းလုပ်ငန်းအဖွဲ့မှ ထန်းတက်သမားတစ်ယောက်က သည်မျှအထိ တိုးတက်သောအယူအဆ၊ အသိအမြင်တို့ဖြင့် တွေးခေါ်ရှင်းပြသွားခြင်းကို အံ့သြနေပုံရသည်။ ကိုအေးဆွေ၏ မြှောက်ပင့်ပေးချက်ဖြင့် သဘောတရားရေးအသိမပါဘဲ ဆင်ကန်းတောတိုးလုပ်နေသည်ဟု ထင်ခဲ့၏။ ခွေးရူးကောင်းစား တစ်မွန်းတည့်ပါဟု ထင်မှတ်ကာ အထင်အမြင်သေးခဲ့၏။ မည်သို့ပင် ညီညွတ်စွာလုပ်ဆောင်နေကြသော်လည်း မကြာမီ ပြိုကွဲပျက်စီးသွားမည်ဟုသာ အောက်မေ့ခဲ့၏။ ယခုတော့ အထင်နှင့်အမြင် . . ."

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "MyintMo Zen" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ ပြည့်စုံ(ခ) မြင့်မိုရ်စုာန်အား နံနက် ၉ နာရီ ၅၅ မိနစ်တွင် ပိတောက်ချောင်းနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ တိုက်စစ်မှူးမက်ဆီမှ

ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားတို့ကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၁ နှစ်အောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုတော့ အင်္ဂလန်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်က ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ လက်ရှိအချိန်မှာ ဘလွန်းဒီအောဆုကို အများဆုံးရရှိထားသူဖြစ်ပြီး မက်ဆီပြီးရင် ဘလွန်းဒီအောဆုကို အများဆုံးရရှိခဲ့သူကတော့ ငါးကြိမ်ဆွတ်ခူးထားတဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုပဲဖြစ်ပါတယ်။ ဘလွန်းဒီအောဆုကို ကမ္ဘာတစ်ဝန်းမှ သတင်းစာဆရာ ၁၀၀ တို့က မဲပေးရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဘာစီလိုနာ အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဘွန်မာတီက ရရှိခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးဂိုးသမားဆုကို အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားရရှိခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းဂိုးသမား အီမီလီယာနိုမာတီနက်ဇ်ကရရှိခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံးအမျိုးသားအသင်းဆုကိုတော့ မန်စီးတီးအသင်းကရရှိခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးအသင်းဆုကိုတော့ ဘာစီလိုနာအမျိုးသမီးအသင်းက ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စံလွှာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြင်း	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၈၀	၂၁၂၅	၂၁၂၀	၂၀၈၅	၂၁၂၅	၂၁၅၀	၂၁၃၅	၂၁၁၀	၂၂၂၀	၂၂၂၅	၂၁၂၀	၂၁၂၅	၂၁၆၅	၂၁၆၅	၂၁၇၀	၂၃၉၅	၂၈၆၀
95 Ron	၂၁၉၀	၂၂၄၀	၂၂၃၅	၂၁၉၅	၂၂၃၅	၂၂၆၀	၂၂၄၅	၂၂၂၀	၂၃၂၀	၂၃၃၅	၂၂၃၀	၂၂၄၅	၂၂၇၅	၂၂၇၅	၂၂၇၅	၂၅၀၅	၂၉၆၀
HSD (500 ppm)	၂၂၄၀	၂၂၈၅	၂၂၈၀	၂၂၄၅	၂၂၈၅	၂၃၁၀	၂၃၀၅	၂၂၇၀	၂၃၉၀	၂၃၈၅	၂၂၇၅	၂၂၈၅	၂၃၂၅	၂၃၂၅	၂၃၂၅	၂၅၅၅	၃၁၉၀
HSD (50 ppm)	၂၃၅၀	၂၄၀၀	၂၃၉၅	၂၃၆၀	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၃၉၅	၂၃၉၀	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၄၀	၂၆၆၅	၃၂၅၀
HSD (10 ppm)	၂၃၅၅	၂၄၀၅	၂၄၀၀	၂၃၆၅	၂၄၀၅	၂၄၂၅	၂၄၂၀	၂၃၉၀	၂၅၁၀	၂၃၉၅	၂၄၀၅	၂၄၄၀	၂၄၄၅	၂၄၄၅	၂၄၄၅	၂၆၇၅	၃၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၄	၂၀၄၇
95 Ron	၂၀၈၀	၂၁၅၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၃၆	၂၃၁၀
HSD (10 ppm)	၂၂၄၂	၂၃၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆۷- ၄၁၁၂၈၂၊ ၀၉-۷۷၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃၀-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၃၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ် မလက်တိုကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၁ ဒသမ ၇၃၇ တန် **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၄၂၈** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

ထို့ပြင် အောက်တိုဘာ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်နှင့် ဒေါနဘွားရပ်ကွက်တို့၌ ကျန်းမာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားမှုမရှိသော ဆေးဝါးများဖြစ်သည့် Bevac Vaccine အသည်းရောင်အသားဝါ ကာကွယ်ဆေးအလုံး ၈၀၊ Abhayrab Rabies Vaccine ခွေးရူးပြန် ကာကွယ်ဆေး ဘူး ၉၀ အပါအဝင် ဆေးဝါးခြောက်မျိုး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် HEHUA စီးကရက် ၁၀ တောင့်အပါအဝင် ကုန်ပစ္စည်း လေးမျိုး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတစ်ခရိုင်၊ ကျောက်တံခါးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်များဖြစ်သည့် Nissan AD Van တစ်စီးနှင့် Toyota Mark II တစ်စီး **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အောက်တိုဘာ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ၌ လိုင်စင်မဲ့ Canda ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဝွမ်မြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၇၄၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၅၄၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၈ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၁၀၉၇၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၃၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မစားရသည့်အမဲ သဲနှင့် ပက်ကြသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့က လားရှိုးမြို့တွင် တိမ်းရှောင်နေကြသော ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ်သိန်းငါးဆယ်နှင့် ဆန်၊ ဆီများ လှူဒါန်း

လားရှိုး အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်တွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ဆန်၊ ဆီများ လှူဒါန်းခြင်းကို ယနေ့ညနေ ၄ နာရီက သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်တွင် ပြုလုပ်သည်။

ပေးအပ်လှူဒါန်း

ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ရှိ ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိခိုလှုံနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၅၀၊ ဆန်အိတ် ၁၀၀၊ ဆီပိသာ ၁၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ပေဟရသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ၂၀၂၃ခုနှစ်၊(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအသိုင်းအဝန်းအတိုးပြိုင်ပွဲ ဆုငေးပွဲအသမီးအနှား
- **၁၀:၀၀** သတင်းထူးကသတင်း
- **၁၀:၃၀** တောင်ပိုင်းပိုးလမ်းဃသစ်တရုတ်-မြန်မာ အာနန်းကဏ္ဍများ(အပိုင်း-၁၂)
- **၁၁:၁၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၁:၃၀** ရွှေပွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- **၁၃:၀၀** သီချင်းကြီးပဒေသာ
- **၁၃:၃၀** MRTV National News
- **၁၄:၄၅** မျိုးဝုဏ်တင့်ဝေဆိုကရေးတီးအမွေ
- **၁၅:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မန်းရုန့်လွင်ပျံ့အမှန်း"** (အပိုင်း-၅၀)
- **၁၅:၃၀** Weekly Soccer Preview
- **၁၆:၃၅** ရှေ့သို့ချီမည်ပန်းတိုင်သီ
- **၁၇:၁၅** ရခိုင်တို့၏စိတ်ကူးအိပ်မက်များမှသည် လက်တွေ့ဆီသို့
- **၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၃ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) **"မှတ်ကျောက်တင်ဝံပယ်"**
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"ဘတ်စကက်ဘောအက်ဆား"** (အပိုင်း-၂၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- **၂၁:၀၀** နိုပါတင်တော်လာဇာတ်သဘင်မဟာ **"အပဏ္ဏကလှည်းသားငါးဈာ"**
- **၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **"တားဆီးကျော်ဖြတ် စုံဝမ်းဇော်ထုတ်"** (အပိုင်း-၃)

mtv

- **07:01** Evergreen Classic: Parami Taw (Hnin Hnin Htoo)
- **07:08** Myanmar Puppeteers (Ogre Dance)
- **07:17** World Vegan Day
- **07:23** Discovering Tribes: Wa - Their Life and Customs
- **08:01** News
- **08:27** Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
- **08:41** Products of Myanmar - Shin Ma Taung Thanakhar
- **09:01** Myanmar Traditional Brass Embossed Painting
- **09:22** Those Who Never Give Up (Ep-6) In Pursuit of a dream
- **10:01** News

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** မွန်ရိုးရာထိပ်မြားပင်ကလာ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ပြန်မာငပြေပဓိတ်ပျိုးစီးပွားလမ္ဘာ၀ေများ(ထုတ္ထန့်သိပ်ပုထိုးတော်ကြီးနှင့်ဒါဂါ်ထွဲကဘားကြော်)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** ကြက်ဟောက်သီးနှင့်ကျန်းမာရေး
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဝေါင်လန်ဗူးအလွန်မှီးလာ၀ါဒီဝကျေးရွာသို့
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားဗဟက်ရှင်ပိန်(ဂျကြိပ်ပြောက်ကယားအမျိုးသားတို့၏စုပေါင်းအိုဒိုင်ပေါ်မီ)
- **ဝေကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကရင်ပြုလုပ်မျိုးအများစုနေထိုင်ရာ တောင်ကျွန်ရာလေး
- **အနောက်ပိုင်းကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စာပေစကားပြေကြရအောင်(အပိုင်း-၇)
- **အရှေ့ပိုင်းကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်ဒီဖိုင်နာ ဟိဟိနှင့်ဝတ္ထုဆုံးမေးမြန်းခြင်း
- **ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းရိုးရာအမဲအာ့ပြောင်းဖူးပြုတ်ချက်နည်း
- **ချင်း (ချီးရုံ) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းပြည်နယ်၏အလှအပများ

MRTV NEWS

- **၀၆:၀၀** အဖွင့်၊ ဇေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၈:၄၅** တောင်ပိုင်းပိုးလမ်းဃသစ်တရုတ်-မြန်မာ အာနန်းကဏ္ဍ(အပိုင်း-၁၁)
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၄၅** Football Highlights
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၃:၀၀** MRTV National News
- **၁၆:၀၀** သတင်းမုန်ကဏ္ဍ(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"ကိုမ်ယန့်မနှိုင်ဘော်လည်း"**
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်အနာဂါတ် ဒီဗိုက်ဂရစ်
- **၁၁:၀၀** နိုင်ငံတကာလွှမ်းကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်သီ(အပိုင်း-၈)
- **၁၈:၀၀** Economic Review (အပိုင်း-၂၆) "မြန်မာ့သတ္တုကဏ္ဍ"

MRTV FARMERS' HD

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၂၅** MSMEလုပ်ငန်းစွမ်းအားနိုင်ငံစီးပွားအင်အား
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် ပိုးလေဝသ
- **၁၈:၀၀** အပြုံးရောင်ရဲတိုက် (အပိုင်း-၁)(ဇာတ်လမ်း)
- **၁၉:၀၀** Weymiller Family Farm | Documentary | Iowa
- **၂၂:၀၀** အပြုံးရောင်ရဲတိုက် (အပိုင်း-၂)(ဇာတ်လမ်း)

MRTV SPORTS HD

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၁၆:၅၀** Weekly MNL Review
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၄၀** Weekly Soccer Preview

MRTV Application

Android | iOS | Huawei

Education Channel ကို ဒေါ့ခ်ဲ ၊ နှုတ် (၉:၀၀) ကုန်ကို တစ်ကြိမ်ပိတ်လျှင် (၄) ကုန်ရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

https://mrtv.gov.mm

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗောတံတားမှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင်အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံရေယာဉ်ပေါ်တွင် လူနာ ၃၀ အထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွား/မီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များ လည်းပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

✪ ကျောဖုံးမှ

အဆိုပါတံတားသည် နှစ်ပေါင်း ၁၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် ဖြစ်ပွားသည့်နေ့မှာ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ လာရောက်သူများပြားသဖြင့် ကျိုးကျခဲ့ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူက ပြောသည်။

"ဌာနအနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုနဲ့ အညီ ထိန်းသိမ်းမှုတွေ ဆောင်ရွက်ပါတယ်။ အောက်တိုဘာ ၂၉ ရက်က လာရောက်လည်ပတ်သူများပြားလွန်းရာက ကျိုးသွားခဲ့တာပါ။ ကျိုးခဲ့တဲ့တံတားအခန်းတစ်ခန်းက ရှစ်ပေကျယ် အခန်းနှစ်ခန်းဖြစ်ပြီး သုံးခန်းအထိ ပြင်ဆင်မှုတွေ လုပ်သွားမှာပါ။ တိုင်ကို ငါးပေအနက် စိုက်ထူထားပါတယ်။ ဒီနေ့မှာ တံတားတိုင်အသစ် နှစ်တိုင်ထူပြီးသွားပြီ။ ပြင်ဆင်မှုလုပ်ငန်းကြာချိန် သုံးရက်ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ရှေးဟောင်းကျွန်းတံတားဖြစ်သည်နှင့် အညီ ကျွန်းတိုင်များဖြင့် အစားထိုးလဲလှယ်ပြင်ဆင်ခြင်းဖြစ်ပြီး အရှည် ၂၅ ပေရှိ တံတားတိုင်များဖြစ်၍ တိုင်များကို မြေဝင် ငါးပေနှစ်မြှုပ်၍ စိုက်ထူထားသည့်အပြင် ရက်မများ၊ ဆင့်များနှင့် ကြမ်းခင်းများကိုလည်း အသစ်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြင်ဆင်မှုလုပ်ငန်းများအား တောင်သမန်ဂုက် လှေအဖွဲ့နှင့် ဒေသခံများက ပါဝင်ကူညီဆောင်ရွက်ကြကြောင်း သိရသည်။

ဝိုင်းဝန်းထိန်းသိမ်း

"မြို့စာရေးဦးပိန်တည်ဆောက်လို့ ဦးပိန်တံတား၊ တောင်သမန်အင်းကိုဖြတ်ထားလို့ တောင်သမန်တံတားလို့လည်းခေါ်ပါတယ်။ အခါကြီးရက်ကြီးနဲ့ ရုံးပိတ်ရက်တွေမှာ ပုံမှန်ချိန်ထက် စည်ကားပါတယ်။ တံတားကြီး ရေရှည်တည်တံ့ဖို့အတွက် လာရောက်လည်ပတ်တဲ့သူတွေအနေနဲ့ ဝိုင်းဝန်းပြီး ထိန်းသိမ်းဖို့လည်း လိုပါတယ်"ဟု မန္တလေးဌာနခွဲလက်အောက်ရှိ အမရပူရ ဗဟကရာဌာနစိတ်တာဝန်ခံက ပြောသည်။

တောင်သမန် ဦးပိန်တံတားကို အမရပူရခေတ် ပုဂံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တိုင်ပေါင်း ၁၀၈၆ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်း၊ တံတားအရှည်မှာ ၃၉၆၇ ပေရှိ၍ တည်ဆောက်ချိန် နှစ်နှစ်ကြာမြင့်ခဲ့ကာ တံတားကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၁၇၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

မေဃရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)က စုဆောင်းငွေပေါ်အတိုးထုတ်ပေး

မာန်အောင် အောက်တိုဘာ ၃၁

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မေဃရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွက် စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခြင်းကို အသင်းတည်ရှိရာ မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်း၌ ကျင်းပခဲ့ပြီး အသင်းသား ၆၉၂ ဦး၏ ပထမခြောက်လပတ် စက်တင်ဘာ ၃၀ ရက်အထိ စုဆောင်းငွေပေါ် အတိုးငွေကျပ်သိန်း ၂၃၄ ဒသမ ၇၀၂ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

Asia Wave Travels & Tours Co.,Ltd မှ Managing Director ပြောင်းလဲခန့်အပ်ခြင်း

Asia Wave Travels & Tours Co.,Ltd မှ ဒါရိုက်တာ အဖွဲ့အစည်းအဝေး မှတ်တမ်းအရ မန်နေဂျင်း ဒါရိုက်တာမှာ Daw Hayzen Htoo Khaing Win ဖြစ်ပါသည်။ ယခုအစည်းအဝေးမှတ်တမ်း (၁၇-၇-၂၀၂၃)အရ Daw Ni Lar Thein Myint သည် Asia Wave Travels & Tours Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် လွှဲပြောင်းတာဝန်ယူမည်ဖြစ်ပါသည်။ အထက်ပါ အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နီလာသိန်းမြင့်
မန်နေဂျင်းဒါရိုက်တာ
Asia Wave Travels & Tours Co.,Ltd

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်(၁၀၃)၊ နှစ်ခန်းတွဲRC(ဖ)ထပ်တိုက်မှ စတုတ္ထထပ်၊ (၅လွှာ)၊ အခန်းအမှတ်(5/A) တိုက်မျက်နှာမူ (လက်ယာဘက်အခန်း)၊ ဧရိယာ(1026) စတုရန်းပေရှိ တိုက်ခန်းနှင့်တာဂ ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းထွန်း[၁၂/လမန(နိုင်)၀၇၂၃၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သဇင်ဖြင့် [၁၂/စခန(နိုင်)၀၆၈၉၂၅]မှအပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျမှိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတိမှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ခိုင်သဇင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
ဦးဝင်းမင်းဖိုး LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ Ph:09-450023651,09-793568375

မန္တလေးတိုင်းဒေသကြီး
မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု
အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်(၁၁/၇) ငွေးတောက်ကုန်း ကျေးရွာအနီးရှိ ကွင်းအမှတ် (၇၂၇)၊ ဦးပိုင် အမှတ်(၄၀)၊ မြေဧက (၁.၈၂) ရှိမြို့နယ်သမဝါယမအသင်းစုမှ ယခင်ပိုင်ခြားသတ်မှတ်ထားခဲ့သော ရက်ကန်းစက်အဆောက်အဦဟောင်းနှင့်မြေအားအိတ်ပိတ်လေလံတင်ရောင်းချ သွားမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာရောင်းမည့်ရက်	-	၃-၁၁-၂၀၂၃
လေလံလျှောက်လွှာ	-	၁၄-၁၁-၂၀၂၃ (၁၆:၀၀) နာရီ
ပိတ်သိမ်းမည့်ရက်		
လေလံဖွင့်လှစ်ရောင်းချမည့်ရက်	-	၁၅-၁၁-၂၀၂၃ (၁၀:၀၀) နာရီ
လေလံလျှောက်လွှာရောင်းချ	-	မိတ္ထီလာမြို့နယ်သမဝါယမ
ဖွင့်လှစ်မည့်နေရာ	-	အသင်းစု၊ ကန်သာယာရပ်၊ ဈေးအနောက်ဘက်၊ မိတ္ထီလာမြို့။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် -

ဖုန်း-၀၉-၂၂၅၅၀၈၊ ၀၉-၄၄၆၇၄၆၈၄၄

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၆

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း နှင့် ရောင်းဝယ်ရေးဘဏ် (၎င်း၏ကိုယ်စားမန်နေဂျာဦးနိုင်ဝင်း)	၁။ Global Acme Group Co.,Ltd ၂။ ဒေါ်ဇင်မာစိုး (ဒါရိုက်တာ)
(တရားလို)	**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၅-ရပ်ကွက်၊ ၄ဝါလမ်း၊ အခန်း(၄၀၂)၊ တိုက်အမှတ် (၁၄)နေ (၂)တရားပြိုင် ဒေါ်ဇင်မာစိုး၊ ဒါရိုက်တာ Global Acme Group Co.,Ltd (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် (၎င်း၏ကိုယ်စား မန်နေဂျာဦးနိုင်ဝင်း)က **ဘဏ်ချေးငွေကျပ် ၅၃၀,၅၀၀,၀၀၀/- ရလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်၊ (၁၃၈၅)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်)** နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အဖီလိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းမြမြစိုး)
ဒုတိယခရိုင်တရားသူကြီး(၃)
ဗိုလ်တထောင်ခရိုင်တရားရုံး

ကိုစိုးနိုင် (ခ) အာဘူတွာဟိရ် နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သၿပီနံးကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်းမ၊ အမှတ်(၄၃)နေ မနီနီမာ (ခ) ရိုင်ဟာနာဟ်ဘီ [၁၂/တမန(နိုင်)၁၃၆၈၆၂] နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (ခ)ရပ်ကွက်၊ ၁၆၄-လမ်း၊ အမှတ်(၂၁/၄- လွှာ၊ ၀)နှင့် တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ်(၄၉)နေ ကိုစိုးနိုင် (ခ) အာဘူတွာဟိရ် [၁၂/တမန(နိုင်) ၁၃၄၁၁၆] တို့သည် (၂၀၀၄)ခုနှစ်တွင် အစ္စလာမ်တရားတော်နှင့် အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး သား(၁)ဦး၊ သမီး(၁)ဦး ထွန်းကားခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား တာဝန်ယူမှု/တာဝန်ခံမှုမရှိခြင်း၊ ကိုယ်ထိ လက်ရောက် ရိုက်နှက်ခြင်း၊ အရက်သေစာ သောက်စားမူးယစ်ပြီး စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကြောင့် ဇနီးဖြစ်သူမှ နေအိမ်မှ ဆင်းလာခဲ့ရာ ကိုစိုးနိုင် (ခ) အာဘူတွာဟိရ် သည် သမီးဖြစ်သူ၏ ရှေ့မှောက်တွင် " နင့်အမေအား သွလာက်ပေးလိုက်ပြီ "ဟု (၂-၁-၂၀၂၃)ရက်နေ့တွင် နှုတ်ဖြင့် ပေးလိုက်မှုအပေါ် သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်းများထံသို့ သွလာက်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ လျှောက်ထားခဲ့ရာ ဓမ္မသတိလည်း ရရှိခဲ့ပြီးဖြစ်ပါသည်။ တစ်ဖန် မနီနီမာ (ခ) ရိုင်ဟာနာဟ်ဘီမှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ထံ ထပ်မံလျှောက်ထားခဲ့ရာ ထိုအဖွဲ့ချုပ်(ဗဟို)မှ ကိုစိုးနိုင် (ခ) အာဘူတွာဟိရ်အား ဆင့်ခေါ်ချိန်းဆိုရာတွင် ၎င်းကိုယ်တိုင်မှ (၂-၁-၂၀၂၃)ရက်နေ့တွင် သွလာက် ပေးခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိသည်မှာ (၁)နှစ်ကျော်ခန့်ရှိပြီဖြစ်ကြောင်းကို (၁၇-၁၀-၂၀၂၃)ရက်နေ့တွင် လက်မှတ်ရေးထိုး ဝန်ခံထွက်ဆိုချက်အရ အဆိုပါ အဖွဲ့ချုပ်(ဗဟို)ထံမှ (၂၈-၁၀- ၂၀၂၃)ရက်နေ့တွင် အစ္စလာမ်တရားဥပဒေနှင့်အညီ ဖသပါဓမ္မသတ် ဆုံးဖြတ်ချက်ရယူခဲ့ပြီးလည်းဖြစ်ပါသည်။ အဆိုပါ ဓမ္မသတ် အရ (သွလာကေဗာအင်နန်) အတည်ပြုကျရောက်ပြီး လင်ခန်း-မယားခန်း အပြီးအပြတ် အပြီးတိုင် ကွာရှင်းပြတ်စဲသွားပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံး၀(လုံး၀) မရှိတော့ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ မနီနီမာ (ခ) ရိုင်ဟာနာဟ်ဘီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များ၊ စီးပွားရေးကိစ္စနှင့် မိသားစုအရေးကိစ္စများတွင် ကိုစိုးနိုင် (ခ) အာဘူတွာဟိရ် မှ ဝင်ရောက်ဟန့်တား နေသာင့်ယှက်ခြင်းများ မပြုပါရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
မနီနီမာ (ခ) ရိုင်ဟာနာဟ်ဘီ
[၁၂/တမန(နိုင်)၁၃၆၈၆၂]
အမှတ်(၄၃)၊ နှင်းဆီကုန်းလမ်း၊
(က)ရပ်ကွက်၊ သၿပီနံးကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြတ်သန်းဦး
{B.A(Eco:)H.GP,D-A(1)}
အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)
မဂၢလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇စ၃၅၄၂၉၀၀

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ငွေးနောလစ်[၁/တနန(နိုင်)၀၂၆၇၆၅]၏ ပတ်စ်ပို့နံပါတ် (MG-550480)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၇၃၅၅၅

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂါဆဲဒုံး[၁/မကန(နိုင်)၁၇၆၆၀၀]၏ ပတ်စ်ပို့နံပါတ် (MD-462308) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၀၄၃၆၁၀

ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အမက(ခါကွမ်)ကျောင်း၊ Grade-4 မှ မအေးအေးအောင် ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း [၁/၀မန(နိုင်) ၁၀၅၄၁၁] ဖြစ်ပါသည်။

တောင်ကြီးတက္ကသိုလ်
(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ မတ်လတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဌပဒေဘွဲ့ အောင်မြင်ကြသူများသည် တောင်ကြီးတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက် ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး	-	ကျပ်-၁၅၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	-	ကျပ်-၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက်	-	(၃-၁၁-၂၀၂၃)ရက်မှ (၂၄-၁၁-၂၀၂၃)ရက်အထိ

မှတ်ချက်

(၁) သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး လျှောက်ထားရမည်။

